မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက် | ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၆)၊ အမှတ်(၀၄၁)

ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)



ဒုတိယသမ္မတ ဦးညီစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးခွဲ အမှာစကားပြောကြားစဉ်။

ဒုတိယသမ္မတ ဦးညီစော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် နိုဝင်ဘာ ၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၁) သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးညီစော တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ☆

ပို့ကုန်တင်ပို့သူများအနေဖြင့် ပြည်ပမှ ပို့ကုန်ရငွေ သတ်မှတ်ချက်အတိုင်း ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိခွင့် ရက် (၃၀) အစား (၄၅) ရက်အထိ တိုးမြှင့်သတ်မှတ်ခြင်း

ပို့ကုန်တင်ပို့သူများသည် ပို့ကုန်တင်ပို့ပြီးနောက် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေများအား နိုင်ငံတော်အတွင်းသို့ နိုင်ငံခြားငွေဖြင့် ယင်းတို့၏ ဘဏ်ငွေစာရင်းသို့ ဝင်ရောက်ရမည်ဖြစ်ကြောင်း နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ ၃၈ - ခ တွင် ပြဋ္ဌာန်းထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၁၆.၈.၂၀၂၂) ရက်စွဲပါ စာအမှတ်၊ အက်ဖ်အီး-၁/ ပက/ ၁၉၅၆ ဖြင့် ပို့ကုန်ရငွေအား ပုဂ္ဂလိက နိုင်ငံခြားငွေစာရင်းတွင် ရက် (၃၀) ထားရှိခွင့်ကို သတ်မှတ်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ပို့ကုန်ရငွေအနက်မှ ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏအား ဘဏ်စာရင်းတွင် ထားရှိနိုင်သည့်ရက်ကို တိုးမြှင့်ပေးခြင်းသည် ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်လျှောက်ထားခြင်း၊ ပြည်ပသို့ငွေပေးချေခြင်းများကို ဆောင်ရွက်ရာတွင် လုံလောက်သည့်အချိန်ရရှိရန်၊ ပို့ကုန်၊ သွင်းကုန်အတွက် နိုင်ငံခြားငွေလုပ်ငန်းလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်နှင့် ကုန်သွယ်မှုကဏ္ဍ

စာမျက်နှာ ၃ ကော်လံ ၅ ❑

နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၉

နိုဝင်ဘာ ၁၁ ရက်တွင် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ မိုး/၈လ

ဖလမ်းမြို့ရှိ ဌာနဆိုင်ရာရုံးများ ရာနှုန်းပြည့် ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်

ဖလမ်း နိုဝင်ဘာ ၉

တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးအဆောက်အအုံများ၊ လေးခန်းတွဲ ဝန်ထမ်းအိမ်ရာနှစ်လုံး၊ နှစ်ခန်းတွဲ ဝန်ထမ်းအိမ်ရာ နှစ်ထပ်၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအဆောက်အအုံ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရုံးအဆောက်အအုံများ ရာနှုန်းပြည့်ပြုပြင်ပြီးစီး၍ ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ရုံးလုပ်ငန်းများ ပုံမှန်လည်ပတ် ဆောင်ရွက်နေမှုကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✳

"မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် 'ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ရေးမူဝါဒ (Zero - Tolerance Anti-Bullying and School Safety Policy)' တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို"ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

လွှတ်တော်ရေးရာ ➢ ၄

ပလတ်စတစ် ညစ်ညမ်းမှုပြဿနာကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

လွှတ်တော်ရေးရာ ➢ ၇

အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှုကို ဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၉

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း ၃၀၀၆ ဖွဲ့ ရှိခဲ့ရာမှ ယခုအခါ ၃၁၄၅ ဖွဲ့အထိ ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ၁၃၉ ဖွဲ့ တိုးမြှင့်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၂၀၂၆ ခုနှစ် ဧပြီလမှ ယနေ့အထိ အခြေခံအလုပ်သမား အဖွဲ့အစည်း ၁၁ ဖွဲ့၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်း တစ်ဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ် အလုပ်သမားအဖွဲ့အစည်း တစ်ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ် တစ်ဖွဲ့ စုစုပေါင်း ၁၄ ဖွဲ့ တိုးမြှင့်ဖွဲ့စည်းခဲ့ခြင်းကြောင့်

စာမျက်နှာ ၃ ကော်လံ ၁ ○



နောက်ဆက်တွဲ ဆိုးကျိုးများမဖြစ်ပွားရေး ဝက်သက် - ဂျိုက်သိုး ကြိုတင်ကာကွယ်

ဝက်သက်နှင့် ဂျိုက်သိုးရောဂါများသည် ကလေးငယ်များတွင် ကူးစက်မြန်ပြီး ပြင်းထန်သော နောက်ဆက်တွဲဆိုးကျိုးများကို ဖြစ်ပွားစေနိုင်သည်။ အသက် ၉ လမှ ၅၉ လအရွယ် ကလေးငယ်များကို ဝက်သက် - ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းဆိုးနှံပေးခြင်း ဖြင့် ကလေးငယ်များ၏ ခုခံအားကို ပိုမိုမြင့်မားလာစေမည်ဖြစ်သည်။

ဝက်သက်ရောဂါသည် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် အဓိက ကူးစက်ပြီး ရောဂါပိုးမှာ Para myxovirus မိသားစုဝင် RNA ဗိုင်းရပ်စ် ဖြစ်သည့် Measles virus ဖြစ်သည်။ ဤဗိုင်းရပ်စ်သည် အလွန်ကူးစက်လွယ်ပြီး လေထဲတွင် ၂ နာရီခန့်အထိ အသက်ရှင်နိုင်သည်။ လူနာ နာချေ၊ ချောင်းဆိုးရာမှ ထွက်လာသော အမှုန်အမွှားလေးများသည် လေထဲတွင်လွင့်မျောနေတတ်ပြီး ထိုလေကို အခြားသူက ရှူမိပါက ကူးစက်သည်။ ရောဂါရှိသူ အခန်းထဲက ထွက်သွားပြီး နောက် ၂ နာရီကြာသည်အထိ အခန်းတွင်းရှိ လေထဲ၌ ဗိုင်းရပ်စ်ပိုး ကျန်ရှိနေနိုင်သည်။ လူနာ၏ နာရည်၊ တံတွေး၊ မျက်ရည်တို့နှင့် တိုက်ရိုက်ထိတွေ့မိခြင်း၊ ဗိုင်းရပ်စ်ပိုးများ တင်ကျန်နေသည့် မျက်နှာပြင်များကို ကိုင်တွယ်ပြီး မိမိနှာခေါင်း၊ ပါးစပ်၊ မျက်စိတို့ကို ပြန်လည်ပွတ်သပ်မိခြင်းတို့မှလည်း ကူးစက်နိုင်သည်။

ဂျိုက်သိုးရောဂါသည် Matonaviridae မိသားစုဝင် RNA ဗိုင်းရပ်စ် ဖြစ်သော Rubella virus ကြောင့် ဖြစ်ပွားသည့် ရောဂါဖြစ်သည်။ ဝက်သက်ဗိုင်းရပ်စ်လောက် ကူးစက်မှုမပြင်းထန်သော်လည်း ကိုယ်ဝန်ဆောင်မိခင်မှတစ်ဆင့် သန္ဓေသားဆီသို့ ကူးစက်နိုင်စွမ်း မြင့်မားသည်။ လူနာ၏ တံတွေးနှင့်နာရည်အမှုန်အမွှားများကို အနီးကပ်ရှူမိခြင်း၊ ထိတွေ့မိခြင်းတို့မှ ကူးစက်ခြင်းဖြစ်သည်။ ကိုယ်ဝန်ဆောင်မိခင် ဂျိုက်သိုးပိုးကူးစက်ခံရပါက အချင်းမှတစ်ဆင့် သန္ဓေသားဆီသို့ကူးစက်ပြီး မွေးရာပါ ဂျိုက်သိုးရောဂါစု (CRS) ဖြစ်စေသည်။

ဝက်သက်ရောဂါဖြစ်ပွားသူများတွင် ၃၀ ရာခိုင်နှုန်းခန့်သည် အဆုတ်ရောင်ရောဂါ၊ ဦးနောက်ရောင်ရောဂါ၊ ပြင်းထန်စွာ ဝမ်းလျှောခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်း၊ နားပိုးဝင်ခြင်း၊ မျက်ကြည်လွှာအနာဖြစ်ကာ မျက်စိကွယ်ခြင်း၊ အသက်အန္တရာယ်ပေးနိုင်သည့် ရှားပါးသော နောက်ဆက်တွဲ SSPE ဖြစ်ခြင်း၊ ကိုယ်ခံအားစနစ်ပိအားနည်းသွားခြင်း၊ ကိုယ်ဝန်ဆောင်များ ကိုယ်ဝန်ပျက်ခြင်း၊ လမစေ့တဲ့ ကလေးမွေးခြင်းနှင့် မွေးရာပါကိုယ်အလေးချိန် နည်းပါးခြင်းတို့ ဖြစ်စေနိုင်သည်။

ဂျိုက်သိုးရောဂါသည် လူကြီးများတွင် အပျော့စား ဖြစ်တတ်သော်လည်း ကိုယ်ဝန်ဆောင်မိခင်များ ကူးစက်ခံရပါက သန္ဓေသားအပေါ် ပြင်းထန်သော အကျိုးသက်ရောက်မှုဖြစ်စေသည်။ ကိုယ်ဝန်ဆောင်မိခင် ကိုယ်ဝန်ပထမ ၃ လအတွင်း ဂျိုက်သိုးကူးစက်ခံရပါက မွေးလာမည့် ကလေးတွင် မွေးရာပါနှလုံးရောဂါ၊ မျက်စိအတွင်းတိမ် သို့မဟုတ် အခြင်အာရုံထိခိုက်ခြင်း၊ မွေးရာပါ နားမကြားခြင်း၊ ဉာဏ်ရည်ချို့တဲ့ခြင်းနှင့် ဦးခေါင်းခွံ သေးငယ်ခြင်း၊ ကိုယ်ဝန်ပျက်ကျခြင်း သို့မဟုတ် ကလေးအသေမွေးဖွားခြင်းတို့ ဖြစ်လာနိုင်သည်။

ဝက်သက်နှင့် ဂျိုက်သိုးရောဂါများကို ကာကွယ်ရန်အတွက် MMR ကာကွယ်ဆေး (Measles, Mumps and Rubella Vaccine) ကို ကမ္ဘာတစ်ဝန်းလုံးတွင် အဓိကအသုံးပြုသည်။ ဤဆေးသည် ဝက်သက်၊ ပါးချိတ်ရောင်နှင့် ဂျိုက်သိုးရောဂါ ၃ မျိုးလုံးကို ကာကွယ်ပေးနိုင်သော ပေါင်းစပ်ကာကွယ်ဆေးဖြစ်သည်။ အပြည့်အဝ ကာကွယ်မှုရရှိရန်အတွက် ကာကွယ်ဆေးကို ၂ ကြိမ် ထိုးနှံရမည်ဖြစ်ပြီး ကလေးအသက် ၉ လပြည့်လျှင် ပထမအကြိမ်နှင့် ကလေးအသက် တစ်နှစ်ခွဲ (၁၈ လ) ပြည့်လျှင် ဒုတိယအကြိမ် ထိုးနှံရမည်ဖြစ်သည်။

ဂျိုက်သိုးရောဂါသည် မွေးရာပါ ကလေးကျန်းမာရေးကို ပြင်းထန်စွာထိခိုက်စေသောကြောင့် အမျိုးသမီးများ အိမ်ထောင်မပြုမီ သို့မဟုတ် ကိုယ်ဝန်မယူမီ ဂျိုက်သိုးကာကွယ်ဆေး ထိုးထားသင့်သည်။ အရေးကြီးသည့်အချက်မှာ ကာကွယ်ဆေးထိုးပြီးလျှင် အနည်းဆုံး ၁ လ သို့မဟုတ် ၄ ပတ်အတွင်း ကိုယ်ဝန်မယူရန်နှင့် စိတ်ချရစေရန် ၃ လခန့် စောင့်ဆိုင်းပြီးမှ ကိုယ်ဝန်ယူရန် ဆရာဝန်များက အကြံပြုကြသည်။ ကိုယ်ဝန်ဆောင်နေစဉ်အတွင်း ဂျိုက်သိုးကာကွယ်ဆေးကို လုံးဝ မထိုးရသည့်အပြင် ကိုယ်ခံအားစနစ် လွန်စွာလျော့ကျနေသူများ၊ ယခင်ကာကွယ်ဆေးထိုးစဉ် ပြင်းထန်သောဓာတ်မတည့်မှု ဖြစ်ဖူးသူများ၊ ပြင်းထန်စွာ ဖျားနာနေသူများမှာလည်း ကာကွယ်ဆေး မထိုးသင့်သူများဖြစ်သည်။

ဝက်သက် - ဂျိုက်သိုး ရောဂါကာကွယ်ဆေးသည် မွေးပြီးကလေးငယ်များနှင့် မွေးလာမည့် ကလေးငယ်များအတွက် မဖြစ်မနေထိုးနှံကြရန် လိုအပ်သည့်ဆေးဖြစ်သည်။ ရောဂါဖြစ်လာပါက ခံစားရမည့် နောက်ဆက်တွဲဆိုးကျိုးများမှာ အသက်အန္တရာယ်အထိ ပြင်းထန်ပြီး အသက်မသေပါကလည်း ဘဝတစ်လျှောက် လူဖြစ်ရှုံးရသည့်အဖြစ်မျိုး ကျရောက်နိုင်သည်ဖြစ်ရာ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံ၍ ကြိုတင်ကာကွယ်ကြရပါမည့်အကြောင်း။ ။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁၁/၂၀၂၆) ကို ယနေ့နံနက်ပိုင်းတွင် အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း(ရဲချုပ် - ငြိမ်း)က အဖွင့်အမှာစကားပြောကြားရာ၌ ဒီဇင်ဘာ ၁ ရက်နေ့သည် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (World AIDS Day)ဖြစ်၍ မိမိတို့အလုပ်အမှုဆောင်အဖွဲ့မှ သက်ဆိုင်ရာပညာရေးမှူးများရုံးများနှင့်ညှိနှိုင်းပြီး အခြေခံပညာအထက်တန်း၊ အလယ်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများ အထူးသဖြင့် အမျိုးသမီးကျောင်းများကိုဦးစားပေး၍ ပညာပေးဟောပြော ဆောင်ရွက်ပေးကြရန်နှင့် ယင်းသို့ဆောင်ရွက်ကြရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုများနှင့် လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်အစည်းအဝေးကျင်းပမှုကို လာရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့တွင် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ လူငယ်လေ့လာရေးအဖွဲ့ စုစုပေါင်း ၁၇၅ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လေ့လာပြီး လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

သတင်းစဉ်

၉ - ၁၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၅၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၀၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

(၉-၁၁-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၂၅.၃ ~ ၅၂၅.၇	၁၂၄.၉ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၁,၁၅၅,၇၃၄.၉၈	၁၀,၇၅၇,၆၅၈.၁၆	၂၀,၃၂၂,၆၁၇.၄၇	

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀ - ၁၁ - ၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	ဖော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၅၃၀	၄၆၈၅	၄၆၃၅	၄၅၄၅	၄၆၈၅	၄၇၀၀	၄၇၃၅	၄၆၃၅	၄၉၈၀	၅၀၀၀	၄၆၃၅	၄၇၀၀	၄၇၂၅	၄၆၈၅	၄၆၉၅	၄၉၂၅
95 Ron	၄၅၅၀	၄၇၀၅	၄၆၆၀	၄၆၆၅	၄၇၁၀	၄၇၂၅	၄၇၆၀	၄၆၃၅	၅၀၀၅	၅၀၃၅	၄၆၆၀	၄၈၀၅	၄၇၄၅	၄၇၀၅	၄၇၀၅	၄၉၄၅
HSD (500 ppm)	၄၄၅၅	၄၆၀၅	၄၆၅၅	၄၄၇၀	၄၆၁၀	၄၆၂၀	၄၆၅၅	၄၆၆၀	-	၅၀၂၀	၄၆၅၅	၅၂၂၀	၄၆၄၅	၄၆၀၅	၄၆၀၅	၄၉၃၅
HSD (50 ppm)	၅၀၂၀	၅၁၆၅	၅၁၆၂	၅၀၃၅	၅၁၆၀	၅၁၆၅	၅၀၂၅	၅၁၆၅	၅၁၉၅	၆၀၀၅	၅၁၆၂	၅၀၂၀	၅၀၀၅	၅၁၆၅	၅၁၆၅	၅၁၉၅
HSD (10 ppm)	၅၀၂၀	၅၁၆၅	၅၁၆၂	၅၀၃၅	၅၁၆၀	၅၁၆၅	၅၀၂၅	၅၁၆၅		၆၀၀၅	၅၁၆၂	၅၀၂၀	၅၀၀၅	၅၁၆၅	၅၁၆၅	၅၁၉၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၃၀၄	၄၄၂၄
95 Ron	၄၃၂၇	၄၄၄၈
HSD (500 ppm)	၄၃၄၆	၄၄၆၂
HSD (50 ppm)	၅၂၆၅	၅၄၀၀
HSD (10 ppm)	၅၂၆၅	၅၄၀၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာဖြင့်၊ နေစာဇော်ထွန်း
ဘာသာပြန်စာတည်း - ခြူးစန်ခွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေယူနယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် ခွန်ဖွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၄၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၁၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၁၊ ဈေး ၀၁-၅၄၄၃၁၀၊ ဒွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၉၊ ဖြန့်ချိရေး ၀၁-၅၄၃၁၃၀၊ Fax ၀၁-၈၆၀၃၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm

E-paper

☆ ရှေ့ပုံးမှ

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဝန်ကြီးများ၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ ကော်မတီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြည်ညိုဖွယ်ဖြစ်အောင်ပြင်ဆင်

အစည်းအဝေးတွင် ဒုတိယသမ္မတက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ၂၀၂၆ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသွားမည့် အခြေအနေများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ အမှုးပြုသော ဒေသခံဆရာတော်များ ပင့်ဆောင်ပြီး ကထိန်သင်္ကန်းနှင့်အတူ အခြေအရံလှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသွားမည့် အခြေအနေများ၊ သံဃာရာမကျောင်းဆောင် လေးဆောင်တွင် သီတင်းသုံးကြမည့် ဆရာတော်ကြီးများ စိတ်နှလုံးချမ်းမြေ့စေရေး အတွက် ရေ၊ မီး၊ သန့်ရှင်းရေး၊ စီမံလန်းစိုပြည်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ အခမ်းအနားသို့ ကြွရောက်တော် မူလာကြမည့် ဆရာတော်ကြီးများအား အရာထမ်ဆွမ်း၊ နေ့ဆွမ်းဆက်ကပ်ရာတွင် ဆွမ်းနှင့် ဆွမ်းဟင်းလျာများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး သက်ဆိုင်ရာကော်မတီအလိုက် ဆောင်ရွက်ရန် လိုအပ်မှု အခြေအနေများ၊ ဆရာတော်ကြီးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် သံဃာရာမကျောင်းဆောင် အဆောင် ၂ တွင် ယခင်နှစ်များနည်းတူ အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းများ ဖွင့်လှစ်ပေးရန် လိုအပ်မှုအခြေအနေများ၊ ပဒေသာပင်များကို တင့်တင့်တယ်တယ်နှင့် ကြည်ညို ဖွယ်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ကြရန်နှင့် ပဒေသာပင်များအား ကထိန်ခံကျောင်းတိုက်သို့ ပို့ဆောင်ရာတွင် စနစ်တကျရှိစေရေး စီမံဆောင်ရွက်သွားရန် လိုအပ်မှု အခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားပြီး နိုင်ငံတော်အဆင့်အခမ်းအနား ဖြစ်သည်နှင့်အညီ လုပ်ငန်းဆောင်ရွက်သည့်နေရာတွင် လစ်ဟာမှုများမရှိအောင် ဆပ်ကော်မတီများအလိုက် စနစ်တကျစီမံခန့်ခွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ကြိုတင် ဧဂတိတိုက်လှေကျင့်မှုများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်သွားကြရန်နှင့် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီအလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ပေါင်းစပ်ဆောင်ရွက်

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ဒေသခံပြည်သူများအား လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ အစည်းအဝေးသို့ လာရောက်လေ့လာသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာဝုံ)**



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက ပြည်ထောင်စုနယ်မြေ ဧယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်များမှ ပြည်သူများအနေဖြင့် လွှတ်တော်ကို ယခုလို လာရောက်လေ့လာသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မိမိသည် ဧယျာသီရိမဲဆန္ဒနယ်မှ ရွေးကောက်တင်မြောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်ပါကြောင်း၊ မိမိကို ဧယျာသီရိမြို့နယ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြောက်ပေးခဲ့သည့်အတွက်လည်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ လွှတ်တော်သည် မဲဆန္ဒနယ်အသီးသီးရှိ ပြည်သူများက ရွေးကောက်တင်မြောက်လိုက်သည့် ပါတီအသီးသီးမှ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် နေရာဖြစ်ပါကြောင်း ယခုလိုဆုံတွေ့စဉ်လွှတ်တော်၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ သိသင့်သိထိုက်သည့်ကိစ္စရပ်များအား မျှဝေလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲများကျင်းပပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်စသည်ဖြင့် ဒီမိုကရေစီစနစ်၏ အခြေခံသဘောတရားအရ အချုပ်အခြာအာဏာကို ပိုင်ဆိုင်ကြသော်လည်း ဒီမိုကရေစီစနစ်၏ အဓိကအားဖြင့် ပြည်သူလူထုကို ကိုယ်စားပြုသည့် လွှတ်တော်ကို အလေးထားကြောင်း၊ ပြည်သူ့လွှတ်တော်သည် ပြည်သူလူထုအတွက် ဥပဒေများ ပြဋ္ဌာန်းရာတွင် ပြည်သူများအား အကာအကွယ်ပေးနိုင်ရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့ပြည်သူများနှင့်စပ်လျဉ်း၍ ကျူးလွန်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေး အွန်လိုင်းလိမ်လည်မှုဆိုင်ရာ တိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့ လွှတ်တော်က ဆောင်ရွက်နေမှုများသည် ပြည်သူကို ဗဟိုပြုလျက်ရှိပါကြောင်း၊ ထို့ကြောင့် ယနေ့ လွှတ်တော်သို့ လာရောက်လေ့လာသည့် ပြည်သူများအနေဖြင့်လည်း လွှတ်တော်များသည် ပြည်သူကို ကိုယ်စားပြုသည့်နေရာ၊ ပြည်သူ့အသံကို ဖော်ဆောင်ပေးသည့်နေရာဟု မှတ်ယူရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တာဝန်ထမ်းဆောင်နေသည့်ကာလတွင် လွှတ်တော်ကို စွမ်းဆောင်ရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသည့် ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မိမိတို့ လွှတ်တော်၏ ဆောင်ရွက်ချက်များကို မျက်ခြည်မပြတ်စောင့်ကြည့်လေ့လာ၍ သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပုဗ္ဗသီရိမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

❍ *အလုပ်သမားအဖွဲ့အစည်းများမှ*

လက်ရှိ နိုင်ငံတော်အစိုးရသည် အလုပ်သမား အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှုကို ဥပဒေနှင့်အညီ ခွင့်ပြုပေးလျက်ရှိသည့်အပြင် အလုပ်သမားအဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ အခွင့်အရေးများ အပြည့်အဝရရှိအောင် အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ အလုပ်သမား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ အလုပ်သမားနှင့် အလုပ်ရှင်အဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုရန် တင်ပြလာခြင်းအပေါ် စိစစ်၍ အသိအမှတ်ပြု လက်မှတ်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပေးသည့် အခမ်းအနားမှ သိရသည်။

အသိအမှတ်ပြုလက်မှတ်ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် (Myanmar Coastal Seafarers Federation–MCSF) ၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့မှ Ayeyarwaddy Success Venture Foods (MDY) စားသောက်ကုန် အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့မှ Heri Garment အထည်ချုပ် အခြေခံအလုပ်သမား အဖွဲ့အစည်း၊ တောင်ငူမြို့မှ တင်တင်စိန်အိတ်ချုပ် အခြေခံအလုပ်သမားအဖွဲ့အစည်း၊ ပဲခူးမြို့မှ I Like Food စားသောက်ကုန် အခြေခံအလုပ်သမားအဖွဲ့အစည်း စုစုပေါင်း အလုပ်သမားအဖွဲ့အစည်း ငါးဖွဲ့တို့ကို အလုပ်သမားအဖွဲ့အစည်း အဖြစ် အသိအမှတ်ပြုလက်မှတ် ပုံစံ (၇) ပေးအပ်ခဲ့ပြီး အလုပ်သမားအဖွဲ့အစည်းများ ကိုယ်စားမြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



❑ *ပို့ကုန်တင်ပို့သူများမှ*

ဖွံ့ဖြိုးတိုးတက်ရေးရန်တို့အတွက် ရည်ရွယ်၍ ပို့ကုန်တင်ပို့သူများ အနေဖြင့် ပို့ကုန်ရင်းနှီးမြှုပ်နှံမှုနှင့် ကိုယ်တိုင်သုံးစွဲနိုင်မည့်ပမာဏကို ပို့ကုန်လုပ်ငန်းရှင်၏ နိုင်ငံခြားငွေဘဏ်စာရင်းတွင် ထားရှိနိုင်သည့် ရက် (၃၀) အစား (၄၅) ရက်အထိ တိုးမြှင့်ခြင်းကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ခွင့်ပြုထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

---

* သဘာဝကပေး ရေချိုအေး၊ ခန်းခြောက်မသွားအောင် ထိန်းသိမ်းပေး။
* မိုးခေါင်ရေရှား ရင်ဆိုင်ငြားက ရေချိုစုဆောင်း နောင်ရေးကောင်း၏။
* ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။

“မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် ‘ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ရေးမူဝါဒ (Zero - Tolerance Anti-Bullying and School Safety Policy)’ တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို”ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ချောင်းကမ်းပါးပြိုကျမှု အမြန်ဆောင်ရွက်ပေးရေး၊ အစိုးရဘဏ်များ၌ အပ်နှံထားသည့်ငွေများကို လိုအပ်သည့်ပမာဏ ထုတ်ယူနိုင်ရေး၊ ပလက်ဖောင်းနှင့် အမှိုက်ပုံ့ရွှေ့ပြောင်းပေးရေး၊ တက္ကသိုလ်ဆောက်လုပ်ပြီး ကျန်ရှိမြေများ ပြန်လည်စွန့်လွှတ်ပေးရေး၊ ဆရာ ဆရာမ အင်အားဖြည့်ဆည်းပေးရေး၊ ပညာရေးကောလိပ်တွင် ဒေသခံတိုင်းရင်းသားများ တက်ရောက်ခွင့်ရရှိရေး၊ ဝန်ထမ်းဟောင်းများ ပြန်လည်ခန့်ထားပေးရေး၊ ပညာရေးဒီဂရီ ကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်ပေးရေး၊ ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၁ ခု မေးမြန်းဖြေကြားခြင်း၊ အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းနှင့် ဥပဒေကြမ်းတစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောက်တန်းမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ကျောက်တန်းမြို့နယ်ကဒပွနကျေးရွာရှိချောင်းကမ်းပါးပြိုကျမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် အမြန်ဆုံးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူက ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာတွင် မှော်ဝန်းချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျမှုဖြစ်စေမှုများ ကာကွယ်နိုင်ရန် မှော်ဝန်းချောင်းတွင် သောင်စွယ်ဖြတ်ခြင်း၊ ဖြတ်တူးမြောင်း တူးဖော်ခြင်းနှင့် ကဒပွနချောင်းတွင် သောင်စွယ်ဖြတ်ခြင်းနှင့် ကမ်းထိန်းတမံများ တည်ဆောက်ပေးရန် တို့အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် လျာထားရန်ပုံငွေတွင် ပါဝင်ခြင်း မရှိပါသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လာမည့်ဘဏ္ဍာနှစ်များ၌ ရန်ပုံငွေလျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သင့်သည့် အစီအမံများကို ရေးဆွဲတွက်ချက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **အစိုးရဘဏ်များ၌ အပ်နှံငွေများအား လိုအပ်သလောက် ထုတ်ယူခွင့်ပြုနိုင်ရေးအတွက် မူဝါဒ၊ နည်းပညာ၊ ဝန်ဆောင်မှုများကျင့်သုံးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသက်ထွန်းအောင်က နိုင်ငံပိုင်ဘဏ်များအနေဖြင့် Customer များမှ ငွေသားထုတ်ယူရာတွင် ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ်မူတည်၍ အဆင်ပြေချောမွေ့စွာ ငွေသားထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ ဒီဂျစ်တယ်ငွေပေးချေမှု နည်းလမ်းများနှင့် စာရင်းပြောင်းနည်းလမ်းများကို ပိုမိုအားပေးဆောင်ရွက်ရန်နှင့် မြို့နယ်ဘဏ်ခွဲများအထိ ထိရောက်စွာ ကြပ်မတ်ကွပ်ကဲနိုင်ရေး



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကျင်းပစဉ်။

ဆောင်ရွက်ပေးနိုင်ရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်ပိုင်ဘဏ်များသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ဒီဂျစ်တယ်စီးပွားရေး အဆောက်အအုံသို့ အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်စေရန်နှင့် ငွေပေးချေမှုစနစ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အများပြည်သူများအနေဖြင့် ငွေသားသုံးစွဲမှု လျော့ချပြီး အီလက်ထရောနစ်ငွေပေးချေမှု နည်းလမ်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံပိုင်ဘဏ်များ၏ လက်ရှိနည်းပညာစနစ်များ၊ လုပ်ငန်းဆောင်ရွက်နိုင်စွမ်း၊ သုံးစွဲနိုင်မည့် ဘဏ္ဍာရေးအရင်းအမြစ်နှင့် လူ့စွမ်းအားအရင်းအမြစ်တို့အပေါ် ထည့်သွင်းသုံးသပ်ကာ ဦးစားပေးလုပ်ငန်းများကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လိုအပ်ချက်ပေါ်မူတည်ပြီး အဆင့်လိုက်ဖြင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံပိုင်ဘဏ်များသို့ ဘဏ်များ၏ ငွေသားလွယ်ကူမှုအပေါ် မူတည်၍ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေး အကြောင်းကြားထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဇွတိရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့အောင်ဇေယျရပ်ကွက် အ.ထ.က (၁) ကျောင်း၌စည်းရိုးအနီးသို့ ပလက်ဖောင်းပြောင်းရွှေ့ရန် ရေတို၊ ရေရှည် အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင် က တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက် အ.ထ.က (၁) ကျောင်းရှေ့ရှိ အောင်သီဟလမ်း ပလက်ဖောင်းနှစ်ခုကြားတွင် မိန်းလမ်းဖြစ်သဖြင့် လူသွားလှုလာများခြင်း၊ ကားကြိုးများ ဖြတ်သန်းသွားလာမှုရှိခြင်းကြောင့် ကျောင်းတက်/ ဆင်းချိန်တွင် ကျောင်းသားကျောင်းသူများ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် အဆိုပါ ပလက်ဖောင်းအား ဖျက်၍ အ.ထ.က(၁) ကျောင်း၌စည်းရိုးအနီး (ရေမြောင်းအနီး)သို့ ပြောင်းရွှေ့ဆောင်ရွက်နိုင်ရေး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ၌ အောင်သီဟလမ်းတွင် မူလပလက်ဖောင်းအဟောင်းအား ဖျက်၍ ပလက်ဖောင်း အသစ်ပြုလုပ်ခြင်း (၁၆၀၀'x၅'-၆") လုပ်ငန်းအား ငွေကျပ် ၁၂၁ ဒသမ ၇၂၅ သန်းဖြင့် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်၏ **ဒဂုံမြို့သစ်အရှေ့ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များရှိ ထားဝယ်ချောင် အမှိုက်ပုံကြီးအား မည်သည့်အချိန်တွင် အမြန်ဆုံးရွှေ့ပြောင်းပေးမည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က လက်ရှိအချိန်တွင် အမှိုက်စွန့်ပစ်ရန် မြေနေရာရှားပါးလာခြင်းကြောင့် ထားဝယ်ချောင် နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအား ပိတ်သိမ်းနိုင်ခြင်းမရှိပါကြောင်း၊ ပြည်သူများမှ နေ့စဉ်စွန့်ပစ်သည့် အမှိုက်တန်ချိန် (၁၀၀၀ မှ ၁၂၀၀) ခန့်အား စီမံခန့်ခွဲနိုင်ရန်အတွက် အရန်အနေဖြင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ သရက်ပင်ချောင် စွန့်ပစ်အမှိုက်ပုံအား ဘတ်ဂျက်ရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမှိုက်မှ စွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပါက စနစ်တကျ အမှိုက်ပုံပိတ်သိမ်းသည့် လုပ်ငန်းစဉ်အတိုင်း စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပဲခူးမဲဆန္ဒနယ်မှ ဦးမင်းခန့်ကျော်၏ **ပဲခူး တက္ကသိုလ်ဆောက်လုပ်ပြီးနောက် ကျန်ရှိသည့် မြေကေအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပဲခူးတက္ကသိုလ်သည် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်တစ်ခုဖြစ်ပြီး နှစ်စဉ်တိုးတက်များပြားလာသည့် ကျောင်းသားဦးရေများအတွက် လိုအပ်သည့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ နားနေဆောင်များ၊ တက္ကသိုလ်အပန်းဖြေရိပ်သာ၊ စာသင်ဆောင်များဆောက်လုပ်ခြင်း၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ခြင်းများကို ဘဏ္ဍာရေးနှစ်အလိုက် လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ပညာရေးဆိုင်ရာ အဆောက်အအုံများ၊ သုတေသနပြုလုပ်ရန် အဆောက်အအုံများနှင့် လက်တွေ့စမ်းသပ်ရန် မြေနေရာများ၊ ဝန်ထမ်းနေအိမ်များ၊ အားကစားအဆောက်အအုံများကို ပညာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် လျာထား၍ တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် စွန့်လွှတ်/ လွှဲပြောင်းပေးရန် အစီအစဉ်မရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း၏ **ရှမ်းပြည်နယ်ရှိ ဆရာ ဆရာမ မပြည့်စုံသော ကျောင်းများတွင် ဆရာ ဆရာမ ခန့်ထားပေးနိုင်ရေး၊ ပညာရေးကောလိပ်များတွင် ဒေသခံတိုင်းရင်းသားများ ပိုမို တက်ရောက်ခွင့်ရရှိရေးနှင့် ပညာရေးဝန်ထမ်းများ ဌာနသို့ ပြန်လည်ဝင်ရောက်လိုပါက ဦးစားပေးခန့်ထားနိုင်ရေးတို့အား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ဒေသခံတိုင်းရင်းသားများထဲမှ တိုင်းရင်းသားဘာသာစာပေ သင်ကြားခွင့် ရရှိသော အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာစာပေသင်ကြားရေးအထောက်အကူပြုအဖြစ် တာဝန်ထမ်းဆောင်ရန် လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များအနေဖြင့် တိုင်းရင်းသားစာပေသင်အဖြစ် လျှောက်ထားရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားစာပေကို အရေး၊ အဖတ်၊ သင်ကြားနိုင်သူဖြစ်ပြီး (Teaching Assistant–TA) လျှောက်ထားသူသည် အနိမ့်ဆုံးပညာအရည်အချင်း Grade 10 အောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ကာ (Language Teacher–LT) လျှောက်ထားသူသည် အနိမ့်ဆုံးပညာအရည်အချင်းမှာ မူလတန်းဆင့် ပြီးမြောက်အောင်မြင်ပြီးသူ ဖြစ်ရမည်ဖြစ်ပါကြောင်း။

အဆိုပြုလျှောက်လွှာများကို တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ဦးစီးဌာနများသို့ ပေးပို့ပြီး ထိုမှတစ်ဆင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန (နေပြည်တော်)သို့ စိစစ်ပေးပို့ရပါကြောင်း၊ စိစစ်ပြီးသည့် အဆိုပြု လျှောက်လွှာများကို ပညာရေးဝန်ကြီးဌာနသို့ ညှိနှိုင်းပေးပို့ရပါကြောင်း၊ အဆိုပါ လျှောက်လွှာများအနက် သတ်မှတ်ချက်နှင့် ကိုက်ညီသူများသည် ဆရာအတတ်ပညာ အရည်အသွေးမြှင့် အထောက်အကူပြုဆွေးနွေးပွဲ သင်တန်းသို့ တက်ရောက်ခွင့်ရရှိပြီး အခြေခံပညာ ဦးစီးဌာနမှ TA/LT(ပုတ်ပြတ်)အဖြစ် နှစ်စဉ်ခန့်ထားပေးလျက်ရှိပါကြောင်း။

ဘွဲ့ရရှိပြီးသူများအတွက် ပညာရေးဒီဂရီ ကောလိပ်များတွင် ဖွင့်လှစ်လျက်ရှိသည့် ပညာရေးနှင့် သင်ပြပညာရေးဒီဂရီကောလိပ်များတွင် (Diploma in Education and Pedagogy– Dip.EP) သင်တန်းသို့ တက်ရောက်၍ မူလတန်းပြများအဖြစ် ဝင်ရောက်တာဝန်ထမ်းဆောင်နိုင်ပါကြောင်း။

အခြေခံပညာဦးစီးဌာနအနေဖြင့် ဒေသအခြေအနေအရ ယာယီပတ်ထားရသော ကျောင်းများမှ သတင်းပို့ဆက်သွယ်လာသည့် ဝန်ထမ်းများနှင့် ဖွင့်ကျောင်းများတွင် ယာယီတွဲဖက်တာဝန်ထမ်းဆောင်လိုကြောင်း၎င်းတို့ကိုယ်တိုင် သတင်းပေးပို့ဆက်သွယ်လာပါက သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများက စိစစ်ပြီး တွဲဖက်တာဝန်ထမ်းဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သတင်းပေးပို့ဆက်သွယ်ခြင်းမရှိသည့် ဝန်ထမ်းများကို လစာရပ်ဆိုင်းထားခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း စသည့်လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပြီး တာဝန်မှ ယာယီရပ်ဆိုင်းခြင်းခံထားရသည့် ပညာရေးဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်လိုပါက သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများသို့ ကိုယ်တိုင်သတင်းပို့ဆက်သွယ်လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ အဆိုပါဝန်ထမ်းအား ဌာနဆိုင်ရာ စစ်ဆေးမှုပြုပြီး အပြစ်မရှိကြောင်း အကြောင်းပြချက် ခိုင်လုံပါက အလုပ်ပြန်လည်ခန့်အပ်ပေးမည်ဖြစ်ပါကြောင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းခံရ၍ အယူခံတင်သွင်းသူများကိုလည်း နိုင်ငံခံကစားနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ပြီး ပြန်လည်ခန့်ထားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၏ **မြိတ်မြို့တွင် ပညာရေးဒီဂရီကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာန၊ ဆရာအတတ်ပညာဦးစီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် မြိတ်မြို့နှင့်

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

မိုင် ၁၅၀ အကွာ၌ ထားဝယ်ပညာရေး ဒီဂရီကောလိပ်ကို လည်းကောင်း၊ မွန်ပြည်နယ်တွင် မြိတ်မြို့နှင့် ၃၄၂ မိုင်အကွာ၌ မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ကိုလည်းကောင်း ဖွင့်လှစ်ထားပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိနှစ်သက်ရာ ကျောင်းသို့ လျှောက်ထားလာပါက တက်ရောက်ခွင့် ပြုလျက်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း တောင်ပိုင်း ခရိုင်များဖြစ်သည့် ဘုတ်ပြင်းနှင့် ကော့သောင်း ဒေသများမှ ထားဝယ်မြို့သို့ သွားရောက်၍ ဆရာ အတတ်ပညာသင်ယူရန် အခက်အခဲရှိသော ကျောင်းသား ကျောင်းသူများအတွက် ပညာရေး ဒီဂရီကောလိပ်ဝင်ခွင့်နှင့် စပ်လျဉ်း၍ တက္ကသိုလ် ဝင်ခွင့်စီစစ်ချေးချယ်ရေးအဖွဲ့သို့ ပုံမှန် ဆွေးနွေးသားအဖြစ် ဝင်ခွင့်လျှောက်ထားစဉ်တွင် ဆန္ဒပြလွှာ၌ မိမိအဆင်ပြေနှစ်သက်ရာ ပညာရေးဒီဂရီကောလိပ် များသို့ ဦးစားပေးလျှောက်ထားနိုင်ပြီး ဆရာအတတ် ပညာများသင်ယူရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါ ကြောင်း။

သို့ဖြစ်ပါ၍ မြိတ်မြို့တွင် ပညာရေးဒီဂရီကောလိပ် တည်ထောင်ဖွင့်လှစ်ပေးရန် လတ်တလော အစီအစဉ် မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးညွှန့်ဝင်း၏ **မြစ်ကြီးနားမြို့နယ် အ-မ-က(၃)တွင် တစ်ထပ် ကျောင်းဆောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်း ကျောင်း (နန်းကွေ့)ရှိ အန္တရာယ်ဆောင် (၇၅ x ၂၅) ပေ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်ဆောင်အား ဖျက်သိမ်း၍ လိုအပ်သော စာသင်ခန်း သုံးခန်းစာ ပေ (၆၀ x ၃၀) RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ပြည်နယ်၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မော်လိုက်မဲဆန္ဒနယ်မှ ဦးမြင့်စိုးဆင့်၏ **မော်လိုက် မြို့ အခြေခံပညာမူလတန်းကျောင်း အမှတ် (၂) ၌ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက် မြို့နယ် အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း တွင် အန္တရာယ်ဆောင်၌ သင်ကြားနေသော စာသင်ခန်း နှစ်ခန်း၊ ယာယီဆောင်တွင် သင်ကြားနေသော စာသင်ခန်း တစ်ခန်း စုစုပေါင်း သုံးခန်းအတွက် အန္တရာယ်ကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ (၆၀x၃၀) RCC တစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များ တွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မြောင်းမြမဲဆန္ဒနယ်မှ ဒေါ်မြင့်စန္ဒာအောင်၏ **မြောင်းမြမြို့နယ် မူ(လွန်) ကွင်းပေါက်ကြီး ကျောင်းအား တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကွင်းပေါက်ကြီး-အခြေခံပညာ မူလတန်း(လွန်)ကျောင်းတွင် ယာယီကျောင်းဆောင် ဖြင့် သင်ကြားနေရခြင်းကြောင့် အဆိုပါကျောင်းရှိ ယာယီဆောင် (၇၅ x ၁၅)ပေ ဓနိမိုး၊ ဓနိကာ၊ သဲခင်း တစ်ထပ်အား ဖျက်သိမ်း၍ ပေ (၉၀ x ၃၀) RCC တစ်ထပ် ဆောက်လုပ်ရန်အတွက် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ဘတ်ဂျက်ရရှိမှုအပေါ် မူတည်၍ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခေါင်းစဉ် အောက်မှ တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည် ဖြေကြားသည်။

မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **မြို့သစ်မြို့နယ် ဆေးတဲကျေးရွာ အလယ်တန်းကျောင်း၌ နှစ်ထပ် ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က မကွေးတိုင်းဒေသကြီး ဆားတဲကျေးရွာ အလယ်တန်းကျောင်းရှိ ကျောင်းဆောင်များအနက် အဆောင် (၁) (၁၂၀ x ၃၆)ပေ (E) ပုံသဏ္ဌာန် RCC တစ်ထပ်ဆောင်တွင် စာသင်ခန်း လေးခန်းဖြင့် ကျောင်းသား ကျောင်းသူများ သင်ကြားလျက်ရှိပြီး အင်ဂျင်နီယာမှ အန္တရာယ်ဆောင်အဖြစ် သတ်မှတ် သင့်ကြောင်း ထောက်ခံချက်ပေးထားပါသဖြင့် ၎င်းကျောင်းဆောင်တွင်ရှိသော စာသင်ခန်း လေးခန်း နှင့် တန်းခွဲအရလိုအပ်သော စာသင်ခန်း နှစ်ခန်း စုစုပေါင်း စာသင်ခန်း ခြောက်ခန်းအတွက် အန္တရာယ် ဆောင် (၁၂၀ x ၃၆)ပေ (E) ပုံသဏ္ဌာန် RCC တစ်ထပ် ကျောင်းဆောင်အား ဖျက်သိမ်း၍ ပေ(၁၁၀ x ၃၀) RCC နှစ်ထပ် ကျောင်းဆောင်သစ်ဆောက်လုပ်ရန် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ငွေလုံးငွေရင်း (တည်ဆောက်ရေး) ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီး၏ တန်းစီဇယားဖြင့် ဆောင်ရွက်သွား မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် **"မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်း ဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဘေးကင်းလုံခြုံစွာ ပညာ သင်ကြားနိုင်ရေးအတွက် 'ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေးမူဝါဒ (Zero – Tolerance Anti-Bullying and School Safety Policy)' တစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို"**ကို လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မြဝတီမဲဆန္ဒနယ်မှ ဦးခင်မောင်ချင်းက ကလေး သူငယ်တစ်ဦးသည် ကြောက်ရွံ့မှု၊ ဖိနှိပ်မှုနှင့် အနိုင် အထက်ကျင့်မှုများရှိနေသည့် ပတ်ဝန်းကျင်တွင် အရည် အသွေးပြည့်ဝသော ပညာရေးကို အပြည့်အဝရရှိနိုင် မည် မဟုတ်ပါသဖြင့် ပညာရေးအခွင့်အရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတို့ကို တစ်ပြိုင်တည်း အလေးထားဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း။

ကျောင်းတွင်းအကြမ်းဖက်မှုများကို ဖြစ်ပွားပြီးမှ အရေးယူဆောင်ရွက်ခြင်းထက် ကြိုတင်ကာကွယ် တားဆီးရေးကို အခြေခံသည့် စနစ်ကျသော မူဝါဒတစ်ရပ် ချမှတ်ရန်လိုအပ်ပြီး ယင်းမူဝါဒတွင် အကြမ်းဖက်မှုတားဖြစ်ရေး၊ တိုင်ကြားဖြေရှင်းရေး၊ ထိခိုက်နစ်နာသူများအား ကာကွယ်စောင့်ရှောက် ရေး၊ ကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူ ရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေးတို့ကို ပြည့်စုံ စွာ ထည့်သွင်းသတ်မှတ်ရန်လိုအပ်ပါကြောင်း။

ကလေးသူငယ်များ၏ အခွင့်အရေးနှင့် အကျိုး စီးပွားကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံတော်၊ မိဘအုပ်ထိန်းသူများ၊ ပညာရေးဆိုင်ရာတာဝန်ရှိသူ များနှင့် လူမှုအသိုက်အဝန်းတစ်ရပ်လုံးတွင် တာဝန်ရှိ သည့်အတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ ကလေးသူငယ်များအတွက် ဘေးကင်းလုံခြုံသည့် ပညာသင်ကြားသင်ယူမှု ပတ်ဝန်းကျင်တစ်ရပ်လုံးကို ဖန်တီးပေးရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံ ဆွေးနွေးသည်။

ကွန်ဟိန်းမဲဆန္ဒနယ်မှ ဦးဗိုင်းကျော်လှက မြန်မာ နိုင်ငံရှိ ကလေးသူငယ်များ၏ အနာဂတ်နှင့် ဘေးကင်း လုံခြုံမှုအတွက် ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင် ရေး မူဝါဒတစ်ရပ်ကို အစိုးရအနေဖြင့် စနစ်တကျ ရေးဆွဲချမှတ်ရန် မလွဲမသွေ တိုက်တွန်းသင့်ပါ ကြောင်း၊ သို့ရာတွင် အဆိုပါမူဝါဒသည် ကလေးသူငယ် များအား အပြစ်ပေးရုံသက်သက်မျှသာ မဟုတ်ဘဲ အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြုပြင်စောင့်ရှောက်ပေးခြင်းတို့ မျှတ စွာ ပေါင်းစပ်ပါဝင်သည့် ခေတ်မီမူဝါဒတစ်ရပ်ဖြစ်ရန် လိုအပ်ပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာ လွှဲပြည်စိုးက ကျောင်းသား ကျောင်းသူများ စိတ်ပိုင်း ဆိုင်ရာ/ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး အေးချမ်း စွာ ပညာသင်ကြားနိုင်ရေး ရေရှည်အကျိုးစီးပွား အတွက် Bullying နှင့် ကျောင်းတွင်းအကြမ်းဖက်မှု မျိုးစုံကင်းစင်စေရေး မူဝါဒတစ်ခုခုကို သက်ဆိုင်ရာက သတ်မှတ်ထိန်းချုပ်ကာကွယ်ပေးပြီး လူစွမ်းအား အရင်းအမြစ်နှင့် ပညာရေးအသိုက်အဝန်းဖွံ့ဖြိုးရေး ကို ရှေးရှုသင့်ပါကြောင်း အဆိုကိုထောက်ခံဆွေးနွေး သည်။

ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးမြင့်ထွန်းက ကျောင်းနေအရွယ် ကလေးသူငယ်များသည် ရုပ်ပိုင်း ဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှု အပါအဝင် ကျောင်းတွင်း အကြမ်းဖက်မှုအမျိုးမျိုးကို ရင်ဆိုင် ကြုံတွေ့နေရပြီး ကိုယ်ထိလက်ရောက် တိုက်ခိုက်ခံရ ခြင်း၊ ရန်ဖြစ်ခြင်း၊ နှုတ်ဖြင့် စော်ကားဆဲဆိုခြင်း၊ လှောင်ပြောင်ပြက်ရယ်ပြုခြင်း၊ အထီးကျန်အောင် သီးခြားခွဲထုတ်ခြင်း၊ ပြစ်တင်ရှုတ်ချခြင်းနှင့် အွန်လိုင်း မှတစ်ဆင့် နှောင့်ယှက်ခြင်း စသည့်ပုံစံမျိုးစုံဖြင့် ကြုံတွေ့နေရကြောင်း။

ယင်းသို့သော အကြမ်းဖက်မှုများသည် ကျောင်းစုဝေးပွဲများ၊ ကျောင်းတွင်းလှုပ်ရှားမှုများ၊ စုပေါင်းသန့်ရှင်းရေး၊ အားကစားလှုပ်ရှားမှုများနှင့် ပွဲတော်များကျင်းပချိန်တွင် မမျှော်လင့်ဘဲဖြစ်ပွား တတ်ပြီး ကျောင်းတွင်းအကြမ်းဖက်မှုများသည် ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၏ ကျောင်း တွင်း စီမံခန့်ခွဲမှုစနစ်နှင့် တိုက်ရိုက်အချိုးကျဆက်စပ် နေကြောင်း၊ သို့ဖြစ်ပါ၍ ကျောင်းများတွင် စိတ်ပိုင်း ဆိုင်ရာကျန်းမာရေးကို ကာကွယ်နိုင်ရန်နှင့် အပြန် အလှန် ကြင်နာတတ်သော ကျောင်းယဉ်ကျေးမှု တစ်ရပ် တည်ဆောက်နိုင်ရန်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကော့ကရိတ် မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်က ကျောင်းတွင်းအကြမ်းဖက်မှု၊ အနိုင်ကျင့်မှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုများ တားဆီးကာကွယ်ရေး သည် ကျောင်းတစ်ကျောင်း၊ ဆရာတစ်ဦး၊ မိဘ တစ်ဦးတည်းဖြင့် ဖြေရှင်းနိုင်သည့် ကိစ္စရပ်မဟုတ်ဘဲ ကျောင်း၊ မိဘ၊ ဆရာ ဆရာမများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း များ အားလုံးပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ ကလေးသူငယ်များကို အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသော နိုင်ငံသားကောင်း ပညာတတ်ကြီးများ ဖြစ်လာစေလိုကြောင်း၊ ကလေးတစ်ဦးချင်းစီ၏ လုံခြုံမှု သည် ပညာရေးအောင်မြင်မှု၏ အခြေခံဖြစ်သကဲ့သို့ နိုင်ငံတော်၏ အနာဂတ်အတွက် အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်လည်းဖြစ်ပါကြောင်း အဆို အား ထောက်ခံဆွေးနွေးသည်။

မိုးညှိမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်က ယနေ့ခေတ် တွင် ကလေးသူငယ်တစ်ဦး၏ ဘေးကင်းလုံခြုံမှုသည် ကျောင်းတံခါးအတွင်း၌သာ ကန့်သတ်မနေဘဲ ၎င်းတို့ အသုံးပြုနေသည့် မိုဘိုင်းဖုန်း၊ အင်တာနက်နှင့် လူမှု ကွန်ရက်ပေါ်တွင်လည်း လုံခြုံမှုရှိရန် မဖြစ်မနေ လိုအပ်လာပြီဖြစ်ကြောင်း၊ စာသင်ခန်းများအတွင်း လက်ကိုင်ဖုန်း မသုံးရ၊ ယူဆောင်မလာရဟု ကန့်သတ် ထားသော်လည်း အသုံးပြု၍ရသည့် အခြေနေရာများ တွင် သုံးစွဲမှုများ ရှိနေနိုင်သဖြင့် ကလေးသူငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ဒီဂျစ်တယ်ခေတ် အန္တရာယ် များမှ ကာကွယ်ပေးနိုင်ရေးအတွက် ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်သည့် မူဝါဒတစ်ရပ် ချမှတ်နိုင်ရေး သည် အထူးပင်အရေးကြီးပါကြောင်း အဆိုကို ထောက်ခံဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ မှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးနေလင်းအောင်၊ ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး နှင့် ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဥဏှဝင်းထိုက် တို့က ထောက်ခံအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာ လှတင့် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလိုင်က ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်း ဘေးကင်းလုံခြုံရေးနှင့် ကလေးသူငယ်အခွင့်အရေး များ ကာကွယ်စောင့်ရှောက်ရေးကို လက်ရှိတွင် လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအားလုံး ဘေးကင်း လုံခြုံလည့် ပညာသင်ယူမှုပတ်ဝန်းကျင်တွင် ပညာ သင်ယူနိုင်ရေးအတွက် သက်ဆိုင်ရာ ဆက်စပ်ဝန်ကြီး ဌာနများ၊ အဖွဲ့အစည်းများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဆောင်ရွက်မှု ရလဒ်များ ကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှတ်တော် သို့ ပြန်လည်တင်ပြနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်း ဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေး အတွက် ကျောင်းတွင်းအကြမ်းဖက်မှုဆိုင်ရာ မူဝါဒ တစ်ရပ်ကို ပညာရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီး ဌာနအပါအဝင် သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပေါင်းစပ်ညှိနှိုင်းပြီး ကျောင်းနေအရွယ် ကလေးသူငယ် များသာမက ကျောင်းပြင်ပသို့ ရောက်ရှိနေသော ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ လိုအပ်ချက်များကိုပါ ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန် လိုအပ်သည့် အတွက် လက်ရှိပြဋ္ဌာန်းထားပြီးဖြစ်သည့် ကလေး သူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ (The Child Rights Law, 2019)နှင့် ကလေးသူငယ်အခွင့်အရေး များဆိုင်ရာ နည်းဥပဒေများ(Child Rights Rules) တို့တွင် ခေတ်နှင့်အညီ လိုအပ်သည့်ပြင်ဆင်ဖြည့်စွက် မှုများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း နှင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းတွင်း အကြမ်းဖက်မှုကင်းစင်ရေးမူဝါဒများ ချမှတ် ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုအား မှတ်တမ်း ထားစောင့်ကြည့်သင့်ပါကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဗဟန်း မဲဆန္ဒနယ်မှ ဒေါက်တာလှတင့် တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနအနေ ဖြင့် အလေးအနက်ထား လေ့လာဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ရှိပြီးဖြစ်သည့် ဥပဒေများနှင့် ဆက်စပ်ကာ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ဝန်ကြီး ဌာနများအားလုံး အချင်းချင်းညှိနှိုင်းပြီး ကျောင်းတွင်း အကြမ်းဖက်မှုကင်းစင်ပပျောက်ရေးနှင့် ထိန်းကျောင်း ရေးဆိုင်ရာမူဝါဒ Control Mechanism တစ်ရပ်ကို ချမှတ်လျက် ကနဦးအဆင့် အောင်မြင်အောင် အကောင်အထည်ဖော်ပေးရန် လုပ်ငန်းစဉ်အား လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိမည်ဖြစ် ကြောင်း၊ တိုးတက်မှုများကိုလည်း စဉ်ဆက်မပြတ် စောင့်ကြည့်သွားမည်ဖြစ်ပြီး ရလဒ်နှင့် တိုးတက်မှုများ အပေါ်အခြေခံ၍ လိုအပ်သလို ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့် အတွက် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည် ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည် ပြု၍ ပေးပို့လာသော **"အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲ အလိုက် လွှတ်တော်၏ အတည်ပြုချက်ရယူပြီး ဥပဒေကြမ်းတစ်ရပ်လုံးနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူ အတည်ပြုသည့်အတွက် လွှတ်တော် ဆိုင်ရာ နည်းဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၆ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

အစားအသောက်လုံခြုံမှုကိစ္စတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၏ အရေးပါမှု

သက်ဇော်

"စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အသက်သွေးကြော၊ နိုင်ငံတော်စီးပွားရေး၏ မဏ္ဍိုင်နှင့် အစားအသောက်လုံခြုံမှု၏ ပင်မအသက် သွေးကြော ဖြစ်ပါသည်။ ရာသီဥတုဖောက်ပြန်မှုများနှင့် ကမ္ဘာ့စီးပွားရေး အပြောင်းအလဲများကြားတွင် အစားအသောက်လုံခြုံမှုကို အလေးမထားဘဲ လျစ်လျူရှုထားပါက အနာဂတ်တွင် ကြီးမားသော စိန်ခေါ်မှုများနှင့် ကြုံတွေ့ရမည်မှာ သေချာပါသည်"

ယနေ့ကမ္ဘာပေါ်တွင် လူဦးရေသည် တစ်နေ့ထက်တစ်နေ့ အရှိန်အဟုန်ဖြင့် တိုးပွားလျက်ရှိပြီး ကုလသမဂ္ဂ၏ ခန့်မှန်းချက်များအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ၉ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိလာတော့မည် ဖြစ်ပါသည်။ ထိုသို့ လူဦးရေ တိုးပွားလာခြင်းနှင့်အတူ လူသားတို့၏ အခြေခံ အကျဆုံးဖြစ်သော အစားအသောက်လိုအပ်ချက်သည် အဆမတန် မြင့်မားလာနေပါသည်။

သို့သော်လည်း လက်ရှိကမ္ဘာ့အစားအသောက် ဖြည့်တင်းနိုင်မှုအခြေအနေမှာ ကြီးမားသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ သဘာဝသယံဇာတများ လျော့နည်းလာခြင်း၊ စိုက်ပျိုးမြေကျဉ်းမြောင်းလာခြင်း၊ ပဋိဝက္ခများနှင့် စီးပွားရေးကုန်သွယ်မှု အဟန့်အတားများကြောင့် ရိက္ခာထုတ်လုပ်မှု လုံလောက်စွာရရှိနိုင်ရန် ခက်ခဲလာနေပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အစီရင်ခံစာများအရ ယနေ့အချိန်အထိ ကမ္ဘာ့လူဦးရေသန်းပေါင်းများစွာသည် ငတ်မွတ်ခေါင်းပါးမှုနှင့် အာဟာရချို့တဲ့မှုများ ရင်ဆိုင်နေရဆဲ ဖြစ်ပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့၏ ထုတ်လုပ်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် အစားအသောက်လုံခြုံမှု (Food Security) ကို ဦးစားပေးအကောင်အထည်ဖော်ရန်မှာ လွန်စွာအရေးကြီးသော ကိစ္စတစ်ရပ် ဖြစ်လာခဲ့ပါသည်။

အစားအသောက် လုံခြုံမှုဆိုသည်မှာ လူတိုင်း၊ အချိန်တိုင်းတွင် ကျန်းမာသန်စွမ်းပြီးတက်ကြွသော လူနေမှုဘဝကို ပိုင်ဆိုင်နိုင်ရန်အတွက် လုံလောက်သော၊ ဘေးအန္တရာယ်ကင်းသော၊ အာဟာရပြည့်ဝသော အစားအစာများကို ရုပ်ပိုင်းဆိုင်ရာအရရော စီးပွားရေးအရပါ ရရှိနိုင်မှုအခြေအနေကို ဆိုလိုခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် နည်းပညာနှင့် စက်မှုဇုန်များ မည်မျှပင် တိုးတက်ပါစေ၊ နိုင်ငံတိုင်းသည် အစားအသောက်လုံခြုံမှုဆိုင်ရာ မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရမည့် အခြေအနေရှိပြီး ရိက္ခာစျေးနှုန်း မတည်ငြိမ်မှု၊ ကမ္ဘာ့စီးပွားရေး ကမောက်ကမဖြစ်မှု၊ နိုင်ငံတကာ စက်သုံးဆီစျေးနှုန်းများနှင့် သယ်ယူပို့ဆောင်ရေး စရိတ်များ မြင့်မားလာမှုစသည်ဖြင့် စားသောက်ကုန်စျေးနှုန်းများကို တိုက်ရိုက် ရိုက်ခတ်နေပါသည်။

ပထဝီနိုင်ငံရေး အကဲဆတ်မှုနှင့် နောက်ဆက်တွဲ ပြဿနာများ နိုင်ငံအချင်းချင်း စစ်ပွဲများနှင့် ကုန်သွယ်ရေးပိတ်ဆို့မှုများက ကမ္ဘာ့ရိက္ခာကွင်းဆက်ကို ရုတ်တရက် ပြတ်တောက်သွားစေနိုင်ပါသည်။ ဓာတုဗေဒပိုးသတ်ဆေးနှင့် မြေဩဇာ အလွန်အကျွံသုံးစွဲမှုများကြောင့် ရေနှင့်မြေဆီလွှာ ပျက်စီးကာ အစားအစာ ထုတ်လုပ်နိုင်စွမ်း လျော့ကျလာသည်။ မြို့ပြပြောင်းလဲလာမှုနှင့် လယ်ယာလုပ်သားရှားပါးလာသည်။ လူငယ်များ လယ်ယာစိုက်ပျိုးရေးထက် မြို့ပြနှင့် ပြည်ပသို့ ထွက်ခွာလုပ်ကိုင်ကြသဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်သားအင်အား သိသိသာသာ လျော့နည်းလာနေပါသည်။

ယနေ့ကမ္ဘာကြီးကြုံတွေ့နေရသော အပူချိန်မြင့်တက်လာမှုနှင့် ရာသီဥတုဖောက်ပြန်မှုတို့သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို အကြီးမားဆုံး အန္တရာယ်ပြုနေသည့် အချက်ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍအပေါ် သက်ရောက်မှုများအနေဖြင့် ရာသီဥတု ပုံမှန်မဟုတ်ဘဲ မိုးခေါင်ခြင်း သို့မဟုတ် အချိန်အခါမဟုတ် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် သီးနှံများ ပျက်စီးဆုံးရှုံးရခြင်း၊ အပူချိန်မြင့်တက်လာမှုကြောင့် သီးနှံဖျက်ပိုးမွှားများနှင့် ဖို့ရောဂါများ ပိုမိုပြန့်ပွားလွယ်လာခြင်း၊ အပူချိန်နှင့် မိုးရေချိန်မမှန်သည့်အတွက် သီးနှံများ၏ ကြီးထွားနှုန်းနှင့် အာဟာရဓာတ်ပါဝင်မှု အားနည်းသွားခြင်း၊ မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်မှုများအနေဖြင့် အပူဒဏ်ကြောင့် တိရစ္ဆာန်များထိခိုက်ခြင်း၊ ပြင်းထန်သော အပူဒဏ်ကြောင့် နို့ဓာနွား၊ ဝက်၊ ကြက် စသည့်တိရစ္ဆာန်များ အပူဒဏ်ကြောင့် သေဆုံးခြင်း သို့မဟုတ် သားပေါက်နှုန်း ကျဆင်းခြင်း၊ စားကျက်မြေများ ခြောက်သွေ့ပျက်စီးခြင်းနှင့် သောက်သုံးရေ လျော့နည်းလာခြင်းတို့ကြောင့် မွေးမြူရေးကုန်ကျစရိတ်များ မြင့်တက်လာခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် တိရစ္ဆာန်ကူးစက်ရောဂါဆိုးများ အလွယ်တကူ ပြန့်ပွားလာခြင်းတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသော နိုင်ငံတစ်နိုင်ငံ ဖြစ်သော်လည်း အောက်ပါအချက် ၁၀ ချက်ကြောင့် အစားအသောက် လုံခြုံမှုကို မဖြစ်မနေ စနစ်တကျ အလျင်အမြန် ဆောင်ရွက်ရမည် ဖြစ်ပါသည်–

(၁) နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ပြီး စိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးကြသဖြင့် ၎င်းတို့၏ စီးပွားရေးတည်ငြိမ်မှုသည် အစားအသောက်လုံခြုံမှုအပေါ် တိုက်ရိုက် မူတည်နေခြင်း၊

(၂) ပြည်တွင်းအစားအစာဖူလုံပြီး ဈေးနှုန်း တည်ငြိမ်ပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်နိုင်ပြီး ပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်ခြင်း၊

(၃) ပြည့်ဝသောအစားအစာများ လုံလောက်စွာ ရရှိရေးသည် မျိုးဆက်သစ်ကလေး သူငယ်များ၏ ခန္ဓာကိုယ်နှင့် ဉာဏ်ရည် ဖွံ့ဖြိုးမှုအတွက် သော့ချက်ဖြစ်ခြင်း၊

(၄) မုန်တိုင်း၊ ရေကြီးမှု၊ မိုးခေါင်မှု စသည့် သဘာဝဘေးများ မကြာခဏ ကြုံတွေ့ရလေ့ရှိသဖြင့် ကြိုတင်ပြင်ဆင်သော ရိက္ခာလုံခြုံမှုစနစ်ရှိရန် လိုအပ်ခြင်း၊

(၅) စားသုံးဆီ၊ နို့ထွက်ပစ္စည်းနှင့် ကုန်ကြမ်းအချို့ကို ပြည်ပမှ တင်သွင်းနေရသဖြင့် ပြည်တွင်း၌ ဖူလုံအောင်ထုတ်လုပ်ပါက နိုင်ငံခြားသုံးငွေကို ခြိုးခြံနိုင်ခြင်း၊

(၆) တင်းပြည်ကျပ်ပြည့် မထုတ်လုပ်နိုင်သေးသည့် စိုက်ပျိုးမြေနှင့် ရေထုသယံဇာတများကို ထိရောက်စွာ အသုံးပြုနိုင်ရန် ဖြစ်နိုင်ခြေ ကြီးမားခြင်း၊

(၇) စိုက်ပျိုးမွေးမြူရေးကဏ္ဍ စီးပွားရေးတွက်ခြေကိုက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေလူငယ်များ လုပ်ငန်းခွင် အခွင့်အလမ်း ရရှိစေခြင်း၊

(၈) ပြည်တွင်းဈေးကွက် မတည်ငြိမ်မှုကို ကာကွယ်ရန် ပြည်ပရိက္ခာတင်သွင်းမှု ပိတ်ပင်ခံရပါက ပြည်တွင်း၌ ကုန်ဈေးနှုန်း ကမောက်ကမမဖြစ်စေရန် ရိက္ခာဖူလုံရေးကို ကြိုတင်ပြင်ဆင်ရန် လိုအပ်ခြင်း၊

(၉) မြန်မာနိုင်ငံသည် စိုက်ပျိုးမြေကောင်းမွန်သဖြင့် ဒေသတွင်း (အာဆီယံနှင့် အိမ်နီးချင်းနိုင်ငံများ)သို့ ရိက္ခာတင်ပို့နိုင်သည့် အလားအလာကောင်းများ ပိုင်ဆိုင်ထားခြင်း၊

(၁၀) ရိက္ခာဖူလုံမှု နိုင်ငံအေးချမ်းမည်ဖြစ်၍ အစားအသောက်လုံခြုံမှုသည် အမျိုးသား လုံခြုံရေးရေးရာမူဝါဒများတွင် မပါမဖြစ် လိုအပ်သောအချက်ဖြစ်ခြင်း။

တစ်ဆက်တည်းပင် လာမည့် အနာဂတ်အတွက် အစားအစာပြည်တွင်းဖူလုံမှုအတွက် ဆောင်ရွက်သင့်သည့် အချက်များအနေဖြင့် အောက်ပါအချက် ၇ ချက်ကို ဆောင်ရွက်သင့်ပါသည်–

(၁) ခေတ်မီနည်းပညာသုံး စိုက်ပျိုးမွေးမြူရေး (Smart Agriculture) သို့ ကူးပြောင်းခြင်း၊ မျိုးကောင်းမျိုးသန့်များ အသုံးပြုခြင်း၊

(၂) ဒဏ္ဍာရီနှင့် စက်မှုလယ်ယာစနစ် (Mechanization) ကို တိုးမြှင့်သုံးစွဲခြင်း၊

(၃) ရေအရင်းအမြစ် စီမံခန့်ခွဲမှုတိုးမြှင့်ခြင်း၊ ရေသွင်းစိုက်ပျိုးရေးစနစ်များကို ခေတ်မီအောင် ပြင်ဆင်ခြင်း၊ စိမ့်စမ်းရေနှင့် မြေအောက်ရေကို အကျိုးရှိစွာ သုံးစွဲရေးနှင့် မိုးရေလှောင်ကန်များ စနစ်တကျ တည်ဆောက်ခြင်း၊

(၄) စိုက်ပျိုးမွေးမြူရေး တောင်သူများအား ဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးခြင်း၊ အတိုးနှုန်းဖြင့် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းနှင့် နည်းပညာသင်တန်းများ စနစ်တကျပေးခြင်း၊ အအေးခန်း စက်ရုံများ၊ ခေတ်မီစတိုရိဒေါင်များနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်း၊

(၅) ဓာတုဓာတ်မြေဩဇာ အလွန်အကျွံ သုံးစွဲမှုကို လျှော့ချပြီး မြေဆီလွှာ ရေရှည် တည်တံ့အောင် ထိန်းသိမ်းခြင်း၊

(၆) တောင်သူများ စုပေါင်းရောင်းဝယ်ခြင်း၊ စက်ကိရိယာများ စုပေါင်းအသုံးပြုခြင်း ဖြင့် စာချုပ်စိုက်ပျိုးရေး (Contract Farming)ကို ထိရောက်စွာ အကောင်အထည် ဖော်ခြင်း၊

(၇) ရေဝပ်ခံ၊ ရေငတ်ခံ၊ အပူဒဏ်ခံနိုင်သော ဒေသမျိုးကောင်း မျိုးသန့်များကို သုတေသနဌာနများနှင့် ပူးပေါင်း၍ တိုးမြှင့် ထုတ်လုပ်ခြင်း။

စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရမည့်သီးနှံများနှင့် လျာထားဆောင်ရွက်ချက်များအနေဖြင့် စားသုံးသူပြည်တွင်းလိုအပ်ချက်ကို ဖူလုံစေပြီး ကမ္ဘာ့ဈေးကွက်သို့ အရည်အသွေးမြင့် ဘာစမာတီ သို့မဟုတ် ပရီမီယံအရည်အသွေးရှိ ဆန်များ တင်ပို့နိုင်ရေးအတွက် အရည်အသွေးမြင့် မျိုးစပါးများ ပို့မိုစိုက်ပျိုးခြင်း၊ ပဲမျိုးစုံ (မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံတို့)ကို အဓိကထား၍ ဈေးကွက်လိုအပ်ချက်နှင့် အညီ စိုက်ပျိုးရေးနည်းစနစ်ကောင်းများအသုံးပြု၍ တင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း၊ ဆီထွက်သီးနှံများ (မြေပဲ၊ နှမ်း၊ နေကြာ) စသည့်သီးနှံများကို တိုးချဲ့စိုက်ပျိုးပြီး ပြည်တွင်းဆီဖူလုံရေးမှသည် ကမ္ဘာ့နှမ်းဈေးကွက်နှင့် အရည်အသွေးမြင့် သဘာဝဆီရောင်းချသူများထံ တင်ပို့နိုင်ရေး ဆောင်ရွက်ခြင်း၊ နှစ်ရှည်နှင့် စက်မှုကုန်ကြမ်းသီးနှံများ (ကော်ဖီ၊ ဝါ၊ ဂျုံ၊ ရော်ဘာ) စသည်တို့ကို အရည်အသွေးမြင့် စက်ရုံများနှင့် ပူးပေါင်းကာ တန်ဖိုးမြှင့် ကုန်ချော အဖြစ် ပြည်ပသို့တင်ပို့ခြင်း၊ မွေးမြူရေးကဏ္ဍတွင် အားထည့်ဆောင်ရွက်သင့်သည့် အမျိုးအမည်များနှင့် ဆောင်ရွက်ရမည့် နည်းလမ်းများအနေဖြင့် အသားတိုးနှင့် နို့စားနွားမွေးမြူရေး / ဒေသနွားမျိုးများကို မျိုးစပ်၍ အသားအထွက်နှုန်းနှင့် နို့အထွက်နှုန်း ကောင်းမွန်သော နွားမျိုးများ မွေးမြူခြင်း၊ စားကျက်မြေများ စနစ်တကျ ဖန်တီးပေးခြင်း၊ ဓိဝလုံခြုံမှုရှိသော ခေတ်မီမွေးမြူရေးဆောင်ရွက်ခြင်း၊ အရည်အသွေးမီအစာစက်ရုံများ တည်ဆောက်ခြင်း၊ ကြက်/ဘဲ မွေးမြူရေးအသားတိုးကြက်နှင့် ဥစားကြက်မွေးမြူရေးကို ဈေးကွက်လိုအပ်ချက်နှင့်အညီ တိုးချဲ့ပြီး ရောဂါထိန်းချုပ်မှုစနစ်များကို တင်းကျပ်စွာ ကျင့်သုံးခြင်း၊ ရေသတ္တဝါ (ငါး၊ ပုစွန်) မွေးမြူရေး/ သဘာဝရေပြင်မွေးမြူရေးထက် ခေတ်မီနည်းပညာသုံး ငါး/ပုစွန် မွေးမြူရေးကို တိုးမြှင့် ဆောင်ရွက်ပြီး ပြည်ပဈေးကွက်သို့ ရေခဲရိုက်ကုန်ချောများ တင်ပို့ခြင်းတို့ဖြစ်သည်။

အနာဂတ်ကာလတွင် အစားအသောက်လုံခြုံမှုစနစ်တကျ ဖြစ်ပေါ်လာစေရန် အရပ်ဘက်၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ပူးပေါင်း၍ ရေးဆွဲချမှတ်ရမည့်မူဝါဒများမှာ ရေရှည်စီမံကိန်း ခိုင်မာစွာ ရေးဆွဲပြီး ဘက်ပေါင်းစုံမှ ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား စိုက်ပျိုးမွေးမြူရေးနှင့် တန်ဖိုးမြှင့်စက်ရုံများတွင် လာရောက်ရင်းနှီးမြှုပ်နှံရန် အခွန်ကင်းလွတ်ခွင့်နှင့် အခြားအခွင့်အရေးများ ကူညီပေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာတက္ကသိုလ်များ၊ သုတေသနဌာနများသို့ ဘတ်ဂျက်ပိုမိုခွဲဝေပေးပြီး နည်းပညာသစ်များ စုံစမ်းဖော်ထုတ်ခြင်းတို့ ဖြစ်သည်။

"လက်တွဲတူညီ ရှေ့သို့ချီ - အစားအသောက် လုံလောက်မှု ခေတ်ဆီသို့" ဤဆောင်ပုဒ်သည် မရှိမဖြစ်လိုအပ်သော အမျိုးသားရေး မျှော်မှန်းချက် ဖြစ်ပါသည်။ ဖူလုံပြည့်ဝသောရိက္ခာစနစ်ကို စနစ်တကျဆောင်ရွက်ရမည့် အကြောင်းရင်းမှာ အစားအသောက်လုံခြုံမှုသည် တောင်သူလယ်သမား တစ်ဦးတည်း သို့မဟုတ် အစိုးရတစ်ဖွဲ့တည်း၏ တာဝန်မဟုတ်ဘဲ တောင်သူ၊ သုတေသီ၊ စီးပွားရေးလုပ်ငန်းရှင်နှင့် စားသုံးသူပြည်သူများပါ အတူတကွ ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စဖြစ်သောကြောင့် ဖြစ်ပါသည်။ အစားအသောက်ဖူလုံမှုမရှိပါက စီးပွားရေးတည်ငြိမ်နိုင်မည် မဟုတ်သလို နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း ရေပေါ်အရုပ်ရေးသက့်သို့ ဖြစ်နေမည်ဖြစ်၍ ဖြစ်ပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍသည် မြန်မာနိုင်ငံ၏ အသက်သွေးကြော၊ နိုင်ငံတော်စီးပွားရေး၏ မဏ္ဍိုင်နှင့် အစားအသောက်လုံခြုံမှု၏ ပင်မအသက် သွေးကြော ဖြစ်ပါသည်။ ရာသီဥတုဖောက်ပြန်မှုများနှင့် ကမ္ဘာ့စီးပွားရေး အပြောင်းအလဲများကြားတွင် အစားအသောက်လုံခြုံမှုကို အလေးမထားဘဲ လျစ်လျူရှုထားပါက အနာဂတ်တွင် ကြီးမားသော စိန်ခေါ်မှုများနှင့် ကြုံတွေ့ရမည်မှာ သေချာပါသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများ၏ ဘဝမြှင့်တင်ရေး၊ ခေတ်မီနည်းပညာများ ကူးပြောင်းရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် ဘဏ္ဍာရေးနှင့် အခြေခံအဆောက်အအုံလိုအပ်ချက်များ ဖြည့်ဆည်းပေးရေးတို့အတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများမှ "လက်တွဲတူညီ ရှေ့သို့ချီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြပါစို့ဟု ရေးသား တိုက်တွန်းလိုက်ရပါသည်။ ။

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၉

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေး၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Jeng Phang နေဝ်တောင်၊ ဒုတိယဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၅ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးမြင့်စန်း၏ **မန္တလေးတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနလက်အောက်ရှိ အလုပ်သမားကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)တွင် ရပ်ဝေးသင်တန်းသားများ တည်းခိုရန်အတွက် ပေ (၁၀၀x၅၀) RC နှစ်ထပ် သင်တန်းသားအိပ်ဆောင် တစ်လုံးအား တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးအောင်က ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)တွင် နယ်ဝေးမှလာရောက်၍ ကျွမ်းကျင်မှုသင်တန်းများ တက်ရောက်မည့် သင်တန်းသား သင်တန်းသူများ သင်တန်းကာလအတွင်း နေထိုင်နိုင်ရေးအတွက် ၅၆ ဦးဆံ့ သင်တန်းသားအိပ်ဆောင် ပေ(၁၀၀x ၅၀) RC နှစ်ထပ် တစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေစင်း အသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်နိုင်ရန် ဘဏ္ဍာငွေ အရေ အသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းလျာထားတောင်းခံပြီးဖြစ်ပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးစိန်ရွှေမင်း၏ **အားကစားဝန်ကြီးဌာနအနေဖြင့် အားကစားပွဲဦးများ လေ့ကျင့်မွေးထုတ်ပြီး အရပ်ဘက်အားကစားပွဲများကို အကူအညီပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဘောလုံးအဖွဲ့ချုပ်များနှင့်ပူးပေါင်း၍ ဒိုင်သင်တန်းများနှစ်စဉ် ဖွင့်လှစ်လျက်ရှိရာ ပျမ်းမျှတစ်နှစ်လျှင် ဒိုင်လူကြီး ၃၅၀ ခန့် မွေးထုတ်ပေးလျက်ရှိပြီး အလားအလာရှိ လူငယ်ဒိုင်လူကြီးများအား ဘောလုံးအဖွဲ့ချုပ်ဒိုင်လုပ်ငန်းဌာနမှ ကမ္ဘာ့အသိအမှတ်ပြုဒိုင်လူကြီးဖြစ်လာစေရန် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိ



ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရန်နှင့် သင်တန်းများ ဖွင့်လှစ်ပို့ချရန် အတွက် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒိုင်လူကြီး၊ နည်းပြများ တောင်းခံလာပါက သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ချိတ်ဆက်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်အတွင်း ဘောလုံးအားကစားနည်း အပါအဝင် အားကစားနည်းမျိုးစုံအတွက် ဒိုင်လူကြီး သင်တန်း ၁၀ ကြိမ်ဖွင့်လှစ်ရန် ရန်ပုံငွေ ငွေကျပ် သိန်း ၂၂၀ လျာထားဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဆမ္ဘူဆယ်ကျေးရွာအုပ်စု အမှူသီးကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်နှင့် မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော် က ၂၀၂၄ ခုနှစ် ဇွန်လအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နောင်ချိုမြို့ပေါ်ရုပ်ကွက်များနှင့် ကျေးရွာများရှိ ဓာတ်အားလိုင်းများနှင့် ဓာတ်အားပေး ထရန်စဖော်မာများ ပျက်စီးခဲ့ပါကြောင်း၊ အမှူသီး ကျေးရွာအနီးရှိ ဆမ္ဘူဆယ်ကျေးရွာ၊ နားခေ့ကျေးရွာ၊ နားကျောင်းခမ်းကျေးရွာ၊ ရေဝင်ကျေးရွာနှင့် သုံးဆယ်ကျေးရွာတို့ရှိ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများသည် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ပျက်စီးခဲ့သော်လည်း ပျက်စီးမှုပမာဏ နည်းပါးသည့်အတွက် ကျေးရွာမီးလင်းရေးကော်မတီများမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြန်လည်ပြုပြင်နိုင်ခဲ့ပြီး ဓာတ်အားရယူသုံးစွဲနိုင်ပြီ ဖြစ်ပါကြောင်း။

အမှူသီးကျေးရွာသည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာပျက်စီးမှု ပမာဏကြီးမားသဖြင့် ဓာတ်အားပြန်လည်သုံးစွဲနိုင်ရန်အတွက် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ၁ လုံးနှင့် ၄၀၀ မို့ ဓာတ်အားလိုင်း ၁ ဒသမ ၅ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးတင်မျိုးဇော်၏ **မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လက်ပံတောကျေးရွာအုပ်စု စည်ပင်သာကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် (၁၁)ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းခြင်းနှင့် ထရန်စဖော်မာ ချထားဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအေးကျော်က စည်ပင်သာကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အား လိုင်း ၁ ဒသမ ၂ မိုင် နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရန် လျာထားပြီး ဘဏ္ဍာငွေရရှိမှုအခြေအနေအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ခန္ဓီးခရိုင်နှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးကို ပေ (၆၀ x ၃၀) RC နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခဝေချထား ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေလျာထား တောင်းခံရာ အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံခဲ့ရသည့် ရုံးအဆောက်အအုံများ၊ မန္တလေးငလျင်ဒဏ်အပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့်ရုံးများအား ဦးစားပေးလျာထားတောင်းခံခဲ့သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ်ဦးစီးမှူးရုံးအဆောက်အအုံများသည် လျာထားတောင်းခံမှုတွင် မပါရှိခဲ့ပါကြောင်း။

လာမည့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင်လည်း အကြမ်းဖက်ဖြစ်စဉ်ကြောင့် မီးရှို့ဖျက်ဆီးခံရသည့် ရုံးများ၊ ဌာနပိုင်ရုံး ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော ရုံးများနှင့် အမှန်တကယ် လူနေထိုင်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာများအား အသစ်ပြန်လည် ဆောက်လုပ်နိုင်ရေးအတွက် လျာထားတင်ပြတောင်းခံခြင်းဖြစ်သဖြင့် ခန္ဓီးခရိုင်ဦးစီးမှူးရုံးနှင့် ခန္ဓီးမြို့နယ်ဦးစီးမှူးရုံး ဆောက်လုပ်ရန် လျာထားတောင်းခံမှုတွင် မပါရှိသောကြောင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံသွားမည် ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးအောင်ဆန်းထူး၏ **ဗန်းမော်ခရိုင်မှ နေရပ်စွန့်ခွာ၍ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့အနီး တစ်ဝိုက်ရှိ မြို့ရွာများတွင် လာရောက်နေထိုင်ကြသူများအတွက် မန္တလေးမြို့၌ ဗန်းမော်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ယာယီရုံးခွဲ လာရောက်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလင်းဇော်ထွန်းက အင်တာနက်နှင့် လျှပ်စစ်မီးအခက်အခဲကြောင့် ကချင်ပြည်နယ်(ယာယီရုံးခွဲ)အား ၂၀၂၅ ခုနှစ် ဧန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံး၌ စတင်ဖွင့်လှစ်၍ ကချင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာလာသည့် ပြည်သူများအား အိမ်ဆောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အလားတူ ၂၀၂၅ ခုနှစ် ဧန်နဝါရီ ၅ ရက်မှ ၂၀၂၆ ခုနှစ် ဧန်နဝါရီ ၂၆ ရက်အထိ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄) ရွှေဉည်းခုံဘုန်းကြီးကျောင်းတွင် ဖွင့်လှစ်ထားသည့် ယာယီခိုလှုံရာစခန်းရှိ ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ပြင်ဦးလွင်မြို့နယ်ဦးစီးမှူးရုံးမှ အိမ်ဆောင်စုလူဦးရေစာရင်း မိတ္ထူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးရှိ ကချင်ပြည်နယ်(ယာယီရုံးခွဲ)ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီး မြစ်ကြီးနားမြို့နယ်တွင် အင်တာနက်၊ လျှပ်စစ်မီးပြန်လည်ကောင်းမွန်ခြင်းနှင့် ယာယီနေရပ်စွန့်ခွာ ပြည်သူအများစုရောက်ရှိနေထိုင်မှုကြောင့် အဆိုပါရုံးခွဲမှ အရာထမ်း၊ အမှုထမ်းများအား မြစ်ကြီးနားမြို့သို့ ပြန်လည်ရွှေ့ပြောင်း တာဝန်ထမ်းဆောင်စေပြီး မြစ်ကြီးနားမြို့နယ်ရှိ ယာယီခိုလှုံရာစခန်းများ၌ နေထိုင်လျက်ရှိသည့် ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား အိမ်ဆောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်စေခဲ့ပါကြောင်း။

ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ၍ မန္တလေးမြို့ပြင်ဦးလွင်မြို့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် အသီးသီးသို့ ရောက်ရှိနေထိုင်ကြသည့် ယာယီနေရပ်စွန့်ခွာပြည်သူများမှ အိမ်ဆောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လျှောက်ထားခြင်းကို မြစ်ကြီးနားမြို့နယ်သို့ လာရောက်လျှောက်ထားရန် မလိုအပ်ဘဲ ရောက်ရှိနေထိုင်သည့် မြို့နယ်ရုံးများသို့ ကာယကံရှင်ကိုယ်တိုင် သွားရောက်လျှောက်ထားနိုင်ပါကြောင်းနှင့် မိမိမူလနေထိုင်သည့် ကချင်ပြည်နယ်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ အိမ်ဆောင်စုလူဦးရေစာရင်းမပြောင်းရွှေ့ပါက နိုင်ငံသားစိစစ်ရေးကတ်ပြား စတင်ဆောင်ရွက်သူများအား ကချင်ပြည်နယ် သင်္ကေတဖြင့်သာ ထုတ်ပေးဆောင်ရွက်လျက်ရှိသဖြင့် မန္တလေးမြို့ ဗန်းမော်ခရိုင်(ယာယီရုံးခွဲ)အား ဖွင့်လှစ်ရန် ဝန်ကြီးဌာနအနေဖြင့် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ပလတ်စတစ်ထုတ်ကုန်များ၊ အထူးသဖြင့် ကြွပ်ကြွပ် အိတ်များ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချ၊ အသုံးပြုမှုကို အဆင့်လိုက် လျော့ချကန့်သတ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးဝေယံမျိုးက ကမ္ဘာ့နိုင်ငံအများအပြားသည် ပလတ်စတစ်အမှိုက်ပြဿနာကို ဖြေရှင်းရန် ဥပဒေအရ တားမြစ်ခြင်း၊ အခွန်အခကောက်ခံခြင်းနှင့် စီးပွားရေးဆိုင်ရာ မက်လုံးပေးခြင်း စသည့် မူဝါဒအမျိုးမျိုးကို ကျင့်သုံးလျက်ရှိရာ မြန်မာနိုင်ငံအတွက် အရေးကြီးသော သင်ခန်းစာများကို လေ့လာရရှိနိုင်ပါကြောင်း၊ ဥပဒေဖြင့် လုံးဝတားမြစ်ခြင်းတစ်ခုတည်းဖြင့် မလုံလောက်ဘဲ ဈေးကွက်အတွင်း သင့်တင့်သော အစားထိုးပစ္စည်းများ လုံလောက်စွာရရှိစေရေး၊ စီးပွားရေးဆိုင်ရာ စည်းမျဉ်းများကျင့်သုံးရေးနှင့် အဆင့်လိုက်အကောင်အထည်ဖော်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်မှသာ ရေရှည်တည်တံ့သော အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေးအခြေအနေ၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ယန္တရားနှင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏အခြေအနေအရ ရုတ်တရက် လုံးဝပိတ်ပင်ခြင်းထက် ၃ နှစ်မှ ၅ နှစ်အတွင်း အဆင့်လိုက် လျှော့ချမည့် မူဝါဒအစီအမံသည် အကောင်အထည်ဖော်ရန် အသင့်တော်ဆုံးနည်းလမ်းဖြစ်ပါကြောင်း၊ ပလတ်စတစ်အိတ်များကို တားမြစ်ရာတွင် ဈေးကွက်၌ အစားထိုးပစ္စည်း လုံလောက်စွာ ရရှိရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၌ ထွက်ရှိသော သဘာဝကုန်ကြမ်းများ (ဝါး၊ ကြိမ်၊ စက္ကူ၊ အုန်းဆံ၊ အင်ဖက်၊ ငှက်ပျောဖက်)တို့ဖြင့် ပြုလုပ်သောအိတ်များနှင့် ဆွေးမြည့်လွယ်သော Bioplastics ထုတ်လုပ်သည့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအား အသေးစားချေးငွေပံ့ပိုးပေးခြင်း၊ နည်းပညာကူညီပေးခြင်းနှင့် အခွန်ကင်းလွတ်ခွင့်များ ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကယားပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်မာရီအားမူ က ပလတ်စတစ်၏ အသုံးဝင်မှုကိုသာ အလေးထားအသုံးပြုပြီး စနစ်တကျ စွန့်ပစ်မှုမရှိခြင်း၊ တစ်ခါသုံးပစ္စည်းများကို အလွန်အကျွံအသုံးပြုခြင်း၊ Recycle စနစ်များ အားနည်းခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင် အပေါ်သို့ တဖြည်းဖြည်း ဆိုးကျိုးများကြီးမားများပြားလာသည်ကို တွေ့မြင်ရပါကြောင်း၊ အချို့သော ကမ္ဘာ့နိုင်ငံများသည် ပလတ်စတစ် ညစ်ညမ်းမှုလျှော့ချရန် ဥပဒေမူဝါဒနှင့် လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းခြင်းနှင့် မလုံလောက်ဘဲ ပြည်သူလူထုအား အသိပညာပေးခြင်းနှင့် အလေ့အကျင့်များ ပြောင်းလဲရေး၊ အစားထိုးပစ္စည်းများ ရရှိနိုင်ရေး၊ အမှိုက်သိမ်းဆည်းရေးစနစ်နှင့် စည်းကမ်းဖောက်ဖျက်သူများကို အရေးယူကြပ်မတ်စေရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ကြသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတကာ၏ အတွေ့အကြုံကောင်းများကို လေ့လာပြီး မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေနှင့် ကိုက်ညီသော မူဝါဒများကို အဆင့်လိုက် အကောင်အထည်ဖော်သင့်ပါကြောင်း၊ ပလတ်စတစ်အသုံးပြုမှုလျှော့ချရေး၊ စနစ်တကျစွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို နိုင်ငံတော်အဆင့် လူမှုအဖွဲ့အစည်းအဆင့်နှင့် တစ်ဦးချင်းအဆင့်အထိ ပူးပေါင်းဆောင်ရွက်နိုင်ပါရန် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁၂) ဦးမင်းစိန် က ပလတ်စတစ်ကြွပ်ကြွပ်အိတ်ထဲကို ပူနွေးသောအာဟာရများ၊ ဟင်းရည်များ၊ လက်ဖက်ရည်၊ ကော်ဖီ အစရှိသည့် အပူရည်များကို ထည့်သွင်းအသုံးပြုခြင်းဖြင့် ပလတ်စတစ်နှင့် အပူဓာတ်ပြုပြီး ကင်ဆာဖြစ်စေနိုင်သော ဓာတုပစ္စည်းများကို ရေရှည်စားသုံးမိပါက ဟော်မုန်းစနစ်ကိုထိခိုက်စေပြီး ကိုယ်ခံအားကျဆင်းခြင်းနှင့် ကင်ဆာရောဂါအပါအဝင် အခြားသော နာတာရှည် ရောဂါများ ဖြစ်ပွားနိုင်ခြေကို မြင့်မားစေပါကြောင်း၊ ပလတ်စတစ်အိတ်များကို မီးရှို့ဖျက်ဆီးသည့်အခါ လူ့ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အဆိပ်အတောက်ဖြစ်စေသော ဓာတ်ငွေ့များ ထွက်ပေါ်လာပြီး လေထုကိုညစ်ညမ်းစေသောကြောင့် ပလတ်စတစ်များသည် လူနေ့ သတ္တဝါများ၏ ကျန်းမာရေးကို ထိခိုက်စေရုံသာမက အသက်အန္တရာယ်ကိုပါ ခြိမ်းခြောက်နေပါကြောင်း။

နေ့စဉ်ဘဝတွင် ပလတ်စတစ် ကြွပ်ကြွပ်အိတ် သုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချနိုင်ရန်အတွက် သဘာဝပစ္စည်းများကို အစားထိုးအသုံးပြုခြင်းနှင့် အသုံးပြုပြီး ပလတ်စတစ်ကြွပ်ကြွပ်အိတ်များကို စနစ်တကျစွန့်ပစ်၊ ပြန်လည်သိမ်းဆည်း၍ ကျန်းမာရေးကို မထိခိုက်စေသော လူသုံးကုန်ပစ္စည်းများ ပြန်လည်ပြုလုပ်အသုံးပြုခြင်းဖြင့် မိမိတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်နိုင်မည်ဖြစ်သောကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦးက ပလတ်စတစ်ညစ်ညမ်းမှုပြဿနာကို မြန်မာနိုင်ငံတစ်နိုင်ငံတည်း သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ရပ်အဖြစ် ဖြေရှင်းဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ ပင်လယ်အတွင်းသို့ ရောက်ရှိမှုကို လျှော့ချရန်နှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများ အားကောင်းလာစေရန်အတွက် လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း(Reduce – Reuse – Recycle 3Rs)နှင့် ပတ်လည်စီးပွားရေး (Circular Economy) တို့ကိုဖော်ဆောင်ရန် သက်ဆိုင်ရာအစိုးရဌာနများ၊ ပုဂ္ဂလိကကဏ္ဍ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်လျှော့ချရေး ရည်မှန်းချက်များ ဖြစ်သည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်း ထွက်ရှိမှု လျှော့ချရန်၊ စွန့်ပစ်ပစ္စည်းများ ပတ်ဝန်းကျင်သို့ ရောက်ရှိမှု လျှော့ချရန်နှင့် ပြန်လည်အသုံးပြုမှု (Recycle)အားပေးရန် အမျိုးသားအဆင့် ပလတ်စတစ် စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ် (၂၀၂၆–၂၀၃၅) ကို ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါကြောင်း၊ အဆိုပါ လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကာလတို (၂၀၂၆–၂၀၂၈)၊ ကာလလတ် (၂၀၂၆–၂၀၃၀)၊ ကာလရှည် (၂၀၂၆–၂၀၃၅) ဟူ၍ အချိန်ကာလများ သတ်မှတ်ပြီး ထုတ်လုပ်သူ၊ ရောင်းချသူနှင့် သုံးစွဲသူအားလုံးပါဝင်သည့် တာဝန်ယူမှုစနစ်တစ်ရပ် တည်ဆောက်သွားမည်ဖြစ်ရာ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများကန့်သတ်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ Extended Producer Responsibility– EPR စနစ် အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့၊ ပလတ်စတစ်ကုန်ကြမ်း၊ ကုန်ချောတင်သွင်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့သုံးဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ထုတ်လုပ်မှုနှင့် တင်သွင်းမှုစီစစ်ကြပ်မတ်ခြင်းနှင့်ပတ်သက်၍ ပြန်လည်အသုံးပြုနိုင်သော ပလတ်စတစ်ဖြတ်စ (Recycle Plastic Scrap) တင်သွင်း/တင်ပို့ခြင်းကို ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ ရောနှောပါဝင်မှုမရှိဘဲ စက်ရုံများတွင် ပြန်လည် ဆန်းသစ်အသုံးပြုနိုင်သည့် ကုန်ကြမ်းများအဖြစ် သန့်စင်ပြီး ကုန်ကြမ်းများကို စီစစ်ခွင့်ပြုလျက်ရှိပါကြောင်း၊ စက်ရုံလုပ်ငန်း အရွယ်အစားအလိုက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းစဉ် (Environmental Impact Assessment)ဆောင်ရွက်ထားခြင်းရှိ/မရှိကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်များ၊ အထူးသဖြင့် ကြွပ်ကြွပ်အိတ်များထုတ်လုပ်သုံးစွဲမှုနှင့် ပတ်သက်ပြီး ပြည်သူလူထုကို အသိပညာပေးခြင်း၊ လူထုလှုပ်ရှားမှုများနှင့် ဒေသန္တရအစီအစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စံနမူနာပြအကောင်အထည်ဖော်မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး လက်တွေ့ဆောင်ရွက်ချက်ဖြစ်သည့် Sunday Stop ၊ Monday Stop အစီအစဉ်များအဖြစ် အပတ်စဉ် ပလတ်စတစ်နှင့် ကြွပ်ကြွပ်အိတ်မသုံးစွဲရန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပလတ်စတစ်ထုတ်လုပ်သည့် ဓာတုကုန်ကြမ်းများ စီစစ်နိုင်ရန်အတွက် စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွဲ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ လုပ်ငန်းလိုင်စင်၊ မှတ်ပုံတင်နှင့် စံချိန်စံညွှန်းထောက်ခံချက်များကို ပူးပေါင်းစီစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုဆိုင်ရာ စံပြလုပ်ထုံးနှင့် လုပ်ငန်းလမ်းညွှန်ဆိုင်ရာကိစ္စများ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပင်လယ်ကမ်းရိုးတန်းဒေသရှိ စက်မှုနှင့် မြို့ပြလုပ်ငန်းဆိုင်ရာ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုစနစ်လုပ်ငန်းစဉ်အဆင့်ဆင့် လိုက်နာဆောင်ရွက်ရမည့် စံပြလုပ်ထုံးလုပ်နည်းများ (Standard Operating Procedures–SOP)ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ဦးဆောင်လမ်းညွှန်ကြံကြပ်မှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုကို ထိရောက်စွာ ကာကွယ်နိုင်ရေး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတကာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေ၊ မူဝါဒများ၊ အမျိုးသားအဆင့် ပလတ်စတစ် စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်(၂၀၂၆–၂၀၃၅)နှင့်အညီ တစ်ခါသုံးပလတ်စတစ်ပစ္စည်းများနှင့် ကြွပ်ကြွပ်အိတ်များ သုံးစွဲမှုလျှော့ချရေးအတွက် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုအတွင်း အသိပညာပေးခြင်းနှင့် ပလတ်စတစ်အစားထိုးပစ္စည်းများ ပိုမိုအသုံးပြုလာစေရေး အားပေးမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပလတ်စတစ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တင်သွင်းခြင်း ဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ ကော်မတီများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ညှိနှိုင်းပူးပေါင်း၍ အဆင့်လိုက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားအား မေးမြန်းရာ အဆိုရှင်က အဆိုအား အတည်ပြုပေးပါရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသည့်အတွက် အဆိုအား အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

---

* *ရှေ့ဖုံးမှ*

ဆက်လက်၍ ဖလမ်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည့် ဖလမ်းမြို့ရှိ ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်၍ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်မြို့အခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ဘာသာရေး ခေါင်းဆောင်များ၊ မြို့မိမြို့ဖများမှ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်များက မိတ်ဆက်အမှာစကားများ ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဘာသာရေးခေါင်းဆောင်များ၊ မြို့မိမြို့ဖများက ဒေသ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်ပြီး လိုအပ်ချက်များအား တင်ပြရာတွင် ဒုတိယဝန်ကြီးက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ဘာသာရေး ကျောင်းများအတွက် အလှူငွေများပေးအပ်ကာ ဘာသာရေး ခေါင်းဆောင်များ၊ မြို့မိမြို့ဖများက မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းကို အားတက်သရော ပူးပေါင်း ဆောင်ရွက်ကြသည်ကို တွေ့ရသည့်အတွက် ဝမ်းသာအားရဖြစ်မိကြောင်း၊ ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ပိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာန တောင်သူပညာပေး စင်တာ (ဖလမ်း) တွင် ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ်သည် စိုက်ပျိုးရေးကိုအခြေခံသည့် ဒေသဖြစ်သည့်အတွက်တောင်သူများအဓိက ဆောင်ရွက်ကြရန် ပြောကြားကာ ပြည်နယ်ဝန်ကြီးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကားများ ပြောကြား၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား မျိုးစေ့များပေးအပ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၉



အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေး လုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် အရပ်ဘက် လူမှုအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်မှချမှတ်ထားသော ငြိမ်းချမ်းရေး မူဝါဒများနှင့် NSPNC ၏ လက်ရှိ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအပေါ် သိရှိနားလည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အထောက်အကူပြုနိုင်စေရန် ရည်ရွယ်၍ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်- ၂၀ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုဌာနခွဲ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဇပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဇပြည့်က ယနေ့ တွေ့ဆုံပွဲသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နှင့်ပတ်သက်ပြီး ဆောင်ရွက်နေမှုများအား အရပ်ဘက်လူမှုအဖွဲ့အစည်းများ သိရှိစေရန် ရှင်းလင်းပြသသည့် တွေ့ဆုံပွဲဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများ ထပ်မံပေါ်ပေါက်လာခဲ့ကြောင်း၊ အဆိုပါပဋိပက္ခဒေသများတွင် ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ဆိုင်ရာများ ဆုတ်ယုတ်လာခဲ့ဖြင့် ပြည်သူလူထုမှ လက်မခံနိုင်တော့ဘဲ တည်ငြိမ်အေးချမ်းမှုကို လိုလားခဲ့ကြကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းချခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်း၊ နယ်စပ်ဖြတ်ကျော်မှုခင်းမျိုးစုံကို ကျူးလွန်ဖောက်ဖျက်ခြင်းနှင့် တရားမဝင်လုပ်ငန်းများဖြင့် အဖွဲ့အစည်း၏ ရပ်တည်ချက်အတွက် ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း၊ အရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် မိမိတို့အဖွဲ့အလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များကို အခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ NSPNC အနေဖြင့် လာရောက်ဆွေးနွေးသည့် EAO များ၏ နိုင်ငံရေးလိုလားချက်၊ လိုအင်ဆန္ဒများအား တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နိုင်မှုကို ဆွေးနွေးအဖြေရှာ ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်လာအောင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် တည်ငြိမ်အေးချမ်းမှုများ လျင်မြန်စွာ ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် ယနေ့ဆွေးနွေးပွဲတွင် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နိုင်မှုအခြေအနေ၊ ချိတ်ဆက်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လက်ရှိဖြစ်ပေါ်နေသောအခြေအနေများအပေါ် ကောင်းမွန်မည့် အကြံဉာဏ်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ ဒီမိုကရေစီအစိုးရ သစ်လက်ထက် ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်မှုများ၊ အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်အတွက် မူဝါဒ၊ မဟာဗျူဟာ နှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ညှိနှိုင်းရေးကော်မတီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား) က NCA ၏ အနှစ်သာရနှင့်အောင်မြင်မှုများအပေါ် အခြေခံသော ပိုမိုပါဝင်နိုင်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ မူဘောင်အား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသူများက NSPNC က ဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ကျယ်ကျယ်ပြန့်ပြန့် သိရှိရသဖြင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်ခွင့်ပြုပေးသင့်ကြောင်း၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ကုန်သွယ်ရေး လမ်းကြောင်းများသည် အဓိကအရေးပါနေပါကြောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် လူမှုရေးလုပ်ဆောင်မှုနှင့်အတူ ပူးပေါင်းပါဝင်နိုင်ကြောင်း၊ လက်ရှိငြိမ်းချမ်းရေးဖော်ဆောင်နေမှုများကို ပြည်သူများ အားလုံးသိရှိအောင်ဆောင်ရွက်ပေးစေလိုကြောင်း၊ ပဋိပက္ခများကြောင့် လူမျိုးဘာသာမရွေး ပြည်သူများ ဒုက္ခခံစားကြရကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ဆောင်ရေး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် အဖွဲ့အလိုက် ကျွမ်းကျင်မှုနှင့်အတူ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်သွားကြရေး၊ NSPNC မှ ဆောင်ရွက်ခဲ့သည့် ဖိုရမ်၊ အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသော အကြံပြုချက်များအနက် အရပ်ဘက်အဖွဲ့အစည်းများ ပါဝင်ဆောင်ရွက်နိုင်မည့်အချက်များကို မြေပြင်အခြေအနေမှန်အား အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး၊ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်လာသော အခြေအနေများကို မှန်ကန်စွာ သိရှိပြီး ပြည်သူများ နားလည်သိရှိစေရန် အသိပညာပေးခြင်းများ ပိုမိုဆောင်ရွက်ရေး၊ လူငယ်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ နိုင်ငံရေးအတွက် လိုအပ်သော စွမ်းရည်မြှင့်သင်တန်းများဖြင့် အားဖြည့်ကူညီဆောင်ရွက်ပေးသွားနိုင်ရေး၊ ဘာသာရေးအဖွဲ့အစည်းများအနေဖြင့်လည်း ပဋိပက္ခများရပ်စဲပြီး ငြိမ်းချမ်းရေးဖော်ဆောင်ရန် တတ်နိုင်သမျှ ဆောင်ရွက်နိုင်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ ဖိုရမ်များ ဆောင်ရွက်ပေးရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်၍ ပဋိပက္ခများကိုလျှော့ချနိုင်စေရန် ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရေးတို့ကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာဇပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲအား ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် လုပ်ငန်းအဖွဲ့၏ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ (ICRG) အစည်းအဝေးနှင့် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) မျက်နှာစုံညီအစည်းအဝေးများသို့ တက်ရောက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငွေကြေးခဝါချမှုနှင့် အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းထားရှိမှုအခြေအနေများအား လည်းကောင်း၊ ကျန်ရှိသည့် Action Plan နှစ်ခုအပေါ် တိုးတက်ဆောင်ရွက်မှုအခြေအနေများအားလည်းကောင်း၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးအား နိုင်ငံတော်အဆင့် ဦးစားပေးဆောင်ရွက်နေမှု အခြေအနေများအားလည်းကောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် နည်းပညာအကူအညီပေးရေးကိစ္စရပ်များအားလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ခရီးစဉ်ကာလအတွင်း FATF ဥက္ကဋ္ဌနှင့် လည်းကောင်း၊ အာရှ-ပစိဖိတ်ပူးတွဲအဖွဲ့ (Asia-Pacific Joint Group-APJG) တွဲဖက်သဘာပတိနှင့် လည်းကောင်း၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု သုံးသပ်ရေးအဖွဲ့ (ICRG) နှင့်လည်းကောင်း၊ APG အဖွဲ့နှင့်လည်းကောင်း ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပြီး အစည်းအဝေးတွင် ဆွေးနွေးချက်များအရ အွန်လိုင်းလိမ်လည်မှုများအား ဖော်ထုတ်သွားရန်၊ ယင်းပြစ်မှုများနှင့်ဆက်နွယ်၍ ငွေကြေးခဝါချမှုဖြင့် ဆက်လက်စုံစမ်းစစ်ဆေးတရားစွဲဆိုသွားရန်၊ အဂတိလိုက်စားမှုနှင့်ဆက်နွယ်သည့် ငွေကြေးခဝါချမှုများအား ဖော်ထုတ်နိုင်ကြောင်း မှခင်းဖြစ်စဉ်များဖြင့် ဖော်ပြရန်၊ လက်ငင်း ရလဒ် ၇ ဒသမ ၁ နှင့်ပတ်သက်၍ ဆုံးရှုံးနိုင်ခြေမြင့်မားသည့် မှခင်းများနှင့် ဆက်နွယ်သည့် ငွေကြေးခဝါချမှုများအား စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း ဆောင်ရွက်ရန်နှင့် ကျန်ရှိနေသည့် Action Plan နှစ်ချက်အား FATF နှင့် APJG ၏ လိုလားချက်များနှင့် ကိုက်ညီစေရေး လာမည့်လေးလတာကာလအတွင်း အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်ရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများ အနေဖြင့် မိမိတို့ဌာနအလိုက် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း ဆွေးနွေးသည်။



ယင်းနောက် လုပ်ငန်းအဖွဲ့၏ အတွင်းရေးမှူး ဖြစ်သည့် တပ်ဖွဲ့မှူး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ရဲမှူးချုပ်ဧော်လင်းထွန်းက မြန်မာနိုင်ငံ၏ (၁၉) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်အချက်များအား ရှင်းလင်းဆွေးနွေးပြီး လုပ်ငန်းအဖွဲ့ဝင်များက Action Plan များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးသက်ထွန်းအောင်နှင့် ဒေါက်တာစန္ဒာဦး၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ဥပဒေရေးရာနှင့် မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မှုခင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ-အိန္ဒိယ အသေးစားဖွံ့ဖြိုးမှုစီမံကိန်းအရ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှစ်ခုတို့၏လုပ်ငန်းများ လွှဲပြောင်းပေးအပ်

ရန်ကုန် နိုဝင်ဘာ ၉

အမျိုးသမီးရေးရာဝန်ကြီးဌာနမှ မြန်မာ-အိန္ဒိယ အသေးစားဖွံ့ဖြိုးမှုစီမံကိန်း (Small Development Project-SDP) အရ ဆောင်ရွက်လျက်ရှိသည့် Upgrading Existing School for Home Science, Bahan Township, Yangon နှင့် Supply of Machinery and Equipment to 11 Home Science Schools စီမံကိန်းနှစ်ခုတို့၏လုပ်ငန်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ရန်ကုန်မြို့၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က အိန္ဒိယနိုင်ငံအစိုးရ၏ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ခဲ့သည့် ပထမစီမံကိန်းသည် “ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ လက်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းဖြစ်ပြီး သင်တန်းအဆောက်အအုံ အသစ်ဆောက်လုပ်ခြင်း၊ ရှိပြီးသား အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အဝိစိတွင်းတူးဖော်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ၊ ပရိဘောဂများပံ့ပိုးပေးခြင်း တို့ပါဝင်ပြီး သင်ကြားရေးနှင့် သင်ယူရေး ပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ဒုတိယစီမံကိန်းဖြစ်သည့် “အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်းသို့စက်ပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းစီမံကိန်း” အရ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနာ၊ ဖျာပုံ၊ စစ်တွေ၊ ရွာငံ၊ ထားဝယ်နှင့် ဟားခါးမြို့များရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း ၁၁ ကျောင်းသို့ ဆိုလာလျှပ်စစ်စနစ်များ၊ အပ်ချုပ်စက်များ၊ ကြယ်သီးပေါက်ဖောက်စက်များနှင့် ကြယ်သီးတပ်စက်များကို ပံ့ပိုးပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါစီမံကိန်းများသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်မှုကို ထင်ဟပ်ဖော်ပြလျက်ရှိပါကြောင်း၊ စီမံကိန်းနှစ်ခုစလုံးအတွက် နားလည်မှု စာချွန်လွှာ– MoU ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာပြီးစီး၍ လွှဲပြောင်းပေးအပ်နိုင်ခြင်းသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် အမျိုးသမီးများ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ကြိုးပမ်းဆောင်ရွက်သွားမည့်ကတိကဝတ်များ၏ အရေးပါသော ခြေလှမ်းတစ်ရပ် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Abhay Thakur က အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း ၁၁ ကျောင်းသို့ စက်ပစ္စည်းနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းစီမံကိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း အဆင့်မြှင့်တင်ခြင်း စီမံကိန်းနှစ်ခုတို့မှ သင်တန်းဆောင်သစ် ဆောက်လုပ်ခြင်း၊ အဆောက်အအုံများ ပြုပြင်မွမ်းမံခြင်း၊ အဝိစိတွင်းတူးဖော်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ၊ ပရိဘောဂများ ပံ့ပိုးပေးခဲ့ပါကြောင်း၊ အမျိုးသမီးများအတွက် သင်ထောက်ကူပစ္စည်းများ အသုံးပြုပြီး စွမ်းဆောင်ရည်များ မြှင့်တင်နိုင်ခြင်း၊ အိမ်တွင်းမှုအသက်မွေးဝမ်းကျောင်းပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ လေ့လာသင်ကြားနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုလက်လှမ်းမီရရှိစေရန် အထောက်အကူပြု နိုင်မည်ဖြစ်သည့် အတွက် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်းရှိ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် စီမံကိန်းနှစ်ခုတို့၏ လုပ်ငန်းဆောင်ရွက်မှု ဂုဏ်ပြု video မှတ်တမ်းပြသပြီး အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ပြည်ထောင်စုဝန်ကြီးအား စီမံကိန်းပစ္စည်းများ လွှဲပြောင်းပေးအပ်၍ ပြည်ထောင်စုဝန်ကြီးက ကျေးဇူးတင်ဂုဏ်ပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီးတို့က စီမံကိန်းလုပ်ငန်းနှစ်ခုအတွက် ကမ္ဘည်းမှတ်တမ်းအား နှံ့သာရည်ပက်ဖျန်းခြင်း၊ သင်တန်းဆောင်အသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းနှင့် ပြုပြင်မွမ်းမံထားသည့်အဆောက်အအုံများ၊ သင်ထောင်ကူပစ္စည်းများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ကြားနေမှုများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**



မုဒုံမြို့ အထက(၁)နှင့် မော်လမြိုင်မြို့ အထက(၁၀)တို့၌ အသက်(၁၀) နှစ်ပြည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ဆောင်ရွက်ထုတ်ပေး

နေပြည်တော် နိုဝင်ဘာ ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အနေဖြင့် အသက်(၁၀) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မုဒုံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မုဒုံမြို့ မြို့မ(၁)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အသက်(၁၀)နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်၍ ကျောင်းခန်းမအတွင်း၌ အသက်(၁၀) နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ကျောင်းသား ကျောင်းသူများကို ငါးဦးကော်မတီ စိစစ်မှု၊ ကျန်းမာရေးဝန်ထမ်းများက သွေးအမျိုးအစား စစ်ဆေးပေးနေမှု၊ မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ နိုင်ငံသားကတ်ထုတ်ပေးရေးလုပ်ငန်းစဉ် အဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ရှိပြီးသူများအား e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ UID နံပါတ် ဆောင်ရွက်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နေ့ချင်းပြီးဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်တို့ကို ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ပြီး မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်ကာ ကျောင်းသား ကျောင်းသူများအား အာဟာရမှန်များ ဝေငှပေးအပ်သည်။

မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ရှိ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် e-ID စနစ်ဖြင့် UID ကောက်ယူဆောင်ရွက်ပေးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID နံပါတ်တို့ကို ကာယကံရှင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းထံ ပေးအပ်ကာ မြို့နယ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို မြို့နယ်ဦးစီးမှူးထံ ထောက်ပံ့ပေးအပ်၍ ကျောင်းသား ကျောင်းသူများကို အာဟာရမှန်များ ဝေငှပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



EV (Electric Vehicle)နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေးသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၉

လူငယ်များသည် နိုင်ငံ၏အနာဂတ် မျှော်လင့်ချက်ဖြစ်သည့်အတွက် စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် နည်းပညာပိုင်းသင်ယူမှုတွင် အားဖြစ်ရန် လွန်စွာ အရေးကြီးပါကြောင်း၊ ထို့ကြောင့် မော်တော်ယာဉ် အရောင်းပြခန်းများ၊ စစ်ဆေးပြုပြင်ပေးရသော အထူးပြုစက်မှုပညာရှင်များ၊ EV အားသွင်းစခန်းတပ်ဆင်ရေးပညာရှင်များ၊ EV မော်တော်ကား ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းပညာရှင်များ ဖြစ်အောင် ကြိုးစားကြရန် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ဖွင့်လှစ်သည့် EV(Electric Vehicle) နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေးသင်တန်း ဖွင့်ပွဲတွင် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက တိုက်တွန်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေးက အမှာစကား ပြောကြားပြီး ECO LOOP ဥက္ကဋ္ဌ ဦးစိုးဇေယျာဝင်းက EV(Electric Vehicle) နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေး သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဖွင့်ပွဲတွင် ပြသထားသည့် နည်းပညာနှင့် ပြုပြင်ထိန်းသိမ်းရေး ပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းကို လူငယ်များအနေဖြင့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များ ရရှိစေရန်၊ လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တို့ ဆက်စပ်မှု ပိုမိုအားကောင်းလာစေရန်နှင့် မိသားစုတစ်စိန်ုင်တစ်ပိုင်လုပ်ငန်းများမှ ဈေးကွက်ဝင်ထုတ်ကုန်များ ထုတ်လုပ်နိုင်စေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ရာ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၇ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ယနေ့မှ နိုဝင်ဘာ ၂၀ ရက်အထိဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ဒီဇင်ဘာလူထုလှုပ်ရှားမှုအားကစားလ အားကစားလှုပ်ရှားမှုများနှင့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပနိုင်ရေး အားကစားကွင်း/အားကစားရုံများ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၉

ဒီဇင်ဘာလူထုလှုပ်ရှားမှုအားကစားလ အားကစားလှုပ်ရှားမှုများနှင့် (၇၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပနိုင်ရန် အားကစားကွင်း/အားကစားရုံများ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အားကစားရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပျော်ဘွယ်မြို့နယ် အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်း၊ ပွဲကြည့်စင် နှင့် အုတ်တံတိုင်းကာရံထားမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ကြည့်ရှုစစ်ဆေးစဉ် မကြာမီကျင်းပမည့် ဒီဇင်ဘာလူထုလှုပ်ရှားမှု အားကစားလ အားကစားလှုပ်ရှားမှုများနှင့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ဘောလုံးကွင်းမြက်ခင်းများ စိမ်းလန်းစိုပြည်စေရေးနှင့် အားကစားကွင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ မျိုးဆက်သစ်ဘောလုံးအားကစားသမားများ မွေးထုတ်ပေးနိုင်စေရေးအတွက် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ပေးခြင်း၊ အားကစားနည်းအလိုက် အခြေခံအားကစားသင်တန်းများကို ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခြင်းများ စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အားကစားဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ပျော်ဘွယ်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများအားတွေ့ဆုံပြီး မြို့နယ်အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အားကစားဆပ်ကော်မတီနှင့်အဖွဲ့တို့အား အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး ဝန်ထမ်းများ သက်သာချောင်ချိရေး ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ရမည်းသင်းခရိုင် အားကစားကွင်းသို့ သွားရောက်၍ ဘောလုံးကွင်းနှင့် မိုးလုံလေလုံ အားကစားခန်းမ၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်ပြည်ထောင်စုငွေလုံးငွေရင်းဘတ်ဂျက်ဖြင့် တည်ဆောက်လျက်ရှိသည့် ရမည်းသင်းခရိုင် အားကစားကွင်းအတွင်း အဓိပ်ပါ ရိုးရိုးတန်း ပွဲကြည့်စင် ပေ(၄၀ x ၂၅) RC တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အားကစားဆပ်ကော်မတီအဖွဲ့တို့မှ တာဝန်ရှိသူများအား အားကစားပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ ဝန်ထမ်းများ သက်သာချောင်ချိစေရေးအတွက် ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။



ဆက်လက်၍ တပ်ကုန်းမြို့နယ် အားကစားကွင်းသို့သွားရောက်၍ ဘောလုံးအားကစားကွင်းနှင့် မိုးလုံလေလုံ အားကစားရုံတို့အား လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အားကစားဆပ်ကော်မတီဝင်များနှင့် တပ်ကုန်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်း စစ်ဖျက်နာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော် သားများအား တိုင်းမှူးနှင့် တက်ရောက် လာကြသူများက အောင်ပန်းကုံးများ၊ အောင်သပြေခက်များ ကမ်းချလည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှတ်အက၊ အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ “ပြည်သူပိုင် စည်းစိမ်ဥစ္စာများကို ကိုယ်ကျိုးရှာခေါင်းပုံဖြတ် ဖျက်ဆီးရောင်းချ အမြတ်ကြီးစားနေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF များ” ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် “နိုင်ငံ၏ အဖိုးတန်သဘာဝသယံဇာတများကို ခိုးယူသုံးစွဲရှာဖွေ ပြည်သူ့အကျိုးစီးပွား ထိခိုက်စေမည့်လုပ်ရပ်များကို ဥပဒေခွဲကျူးလွန်နေကြတဲ့ အကြမ်းဖက် PDF များ” ခေါင်းစဉ်ဖြင့် ဆက်လက် ဆွေးနွေးတင်ဆက်မည်ဖြစ်သည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်းကို တည်ဆောက်နိုင်ရန် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ရန်ရည်ရွယ်၍ လူငယ်ကဏ္ဍ အသိပညာပေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်သည့် လူအဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး(Edutainment) အစီအစဉ်များကို အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့်များမှ စတင်၍ အသိပညာပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့အထက (၃)တွင် မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၃၂ ဦးတို့ကို ကော်မရှင်ရုံးခွဲရှိ ဝန်ထမ်းများက ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် (ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာပါ အကြောင်းအရာများကိုအခြေခံ၍ အသိပညာပေး ဆွေးနွေးဆောင်ရွက်ခဲ့ပြီး ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွင်း ကော်မရှင်ရုံးနှင့် ရုံးခွဲများရှိ ဝန်ထမ်းများက နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင် မြို့များနှင့် နီးစပ်ရာမြို့များရှိ အခြေခံပညာကျောင်းများ၌ Edutainment အစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





ပိုက်ယိုစိမ့်မှုများကို စစ်ဆေးပါ၊ ရေပိုက်ခေါင်းများ၊ ရေစည်ပိုင်းများ ကျိုးပျက် ယိုစိမ့်နေခြင်း ရှိ/မရှိ ပုံမှန် စစ်ဆေးပြီး အမြန်ပြုပြင်ပါ။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်



ပဲခူး နိုဝင်ဘာ ၉

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဆောင်းသီးနှံများအား ယခင်နှစ်ကာလတူထက်စိုက်ကေလျှောနည်း စိုက်ပျိုးမှု မဖြစ်ပေါ်စေရေး မြေပြင်ကွင်းဆင်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍနှင့်ပတ်သက်၍ ဒေသတွင်းလစဉ် တိုးချဲ့မွေးမြူရမည့် စီမံချက်များအတိုင်း မွေးမြူနိုင်ရေး ကြိုးကြပ်ဆောင်ရွက်ရန်နှင့် မျိုးကောင်းမျိုးသန့်များ စနစ်တကျရွေးချယ်မွေးမြူနိုင်ရေး လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၆/၂၀၂၆) တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေထင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများက မြို့နယ်အလိုက် မိုးသီးနှံရိတ်သိမ်းထွက်ရှိမှု၊ ဆောင်းသီးနှံစိုက်ပျိုးနေမှု၊ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးလုပ်လောက်စွာရရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လစဉ်စီမံချက်ပါအတိုင်း ဦးတည်အုပ်စုအလိုက် တိရစ္ဆာန်တိုးချဲ့မွေးမြူနေမှုနှင့် MSME လုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်နေမှုတို့ကို အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့ပြင် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တိုင်းဒေသကြီးဝန်ကြီးများက ပဲခူးတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များ ထိခိုက်မှု မရှိစေရေး သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုတင်ပြခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်မှုအကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



ပဲခူးမြို့နယ်အတွင်းရှိ ထီးချသစ်သားတံတား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

ပဲခူး နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်း ၂၀၂၆–၂၀၂၇ ခုဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ခဲ့သည့် ထီးချသစ်သားတံတားပြုပြင်ခြင်း ပေ(၁၁၀x၁၄) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို နိုဝင်ဘာ ၇ ရက်က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ချုပ်(စီမံ) ဦးရဲခေါင်ထွန်း၊ ညွှန်ကြားရေးမှူး(စီမံ) ဦးသန်းထိုက်ဇော်နှင့် တာဝန်ရှိသူများအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး ချုပ်(စီမံ)က လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါတံတားကို ပဲခူးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

သက်ထက်



❖ *ကျောဖုံးမှ*

The Stars အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို သုံးဂိုး–တစ်ဂိုး၊ Pacific Sun Far အသင်းက လှိုင်သာယာ အက်ဖ်စီအသင်းကို ဂိုးဂိုး–ဂိုးမရှိဖြင့် အသီးသီး အနိုင်ရရှိခဲ့သည်။

AYA Bank Myanmar အမျိုးသမီးဖူဆယ်လိဂ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုး၊ MFF**

ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့

◆ *ကျောဖုံးမှ*

(c) စပါးရိတ်သိမ်းရာတွင် လူလုပ်အားဖြင့် ဆောင်ရွက်ရမည်ဆိုပါက တစ်ကွက်ချင်းကို အပြီးရိတ်သိမ်းပြီး ချက်ချင်းခွဲခြမ်းခြင်း လုပ်ငန်းကို ဆောင်ရွက်ပါ။

(စ) ချက်ချင်းမခွဲခြမ်းနိုင်သည့် ကောက်လှိုင်းထုံးများကို ကန်သင်းပေါ်တွင် စုပုံမထားဘဲ အမိုးအကာအောက်သို့ အမြန်ဆုံးသယ်ယူ၍ စနစ်တကျ စုပုံထားပါ။

(ဆ) ကောက်လှိုင်းများရွှေ့ပြောင်းရန် အချိန်မမီပါက တာလပတ်/ပလတ်စတစ်များဖြင့် ဖုံးအုပ်ထားပါ။

(ဇ) ရိတ်သိမ်းပြီး စပါးခင်းထဲတွင် ကောက်ပြန့်များရှိပါက အမြန်ဆုံး ကောက်လှိုင်းစည်း၍ ဖိုခလောက်ဆိုင် ထောင်ထားပါ။ ကောက်လှိုင်းများကို မိုးရေလွှောဆင်းနိုင်ရန် တစ်ဖက်ရပ်စုပုံပါ။

(ဈ) စုပုံထားသော ကောက်လှိုင်းပုံများကို နေသာချိန်တွင် အမြန်ဆုံး ခွဲခြေ့ပြီး အစိုဓာတ် (၁၄) ရာခိုင်နှုန်းရရှိသည်အထိ အခြောက်ခံစက် (သို့မဟုတ်) နေလှန်း၍ အခြောက်ခံပါ။

(ည) ဆောင်းသီးနှံများ စိုက်ပျိုးရာတွင် စိုက်ခင်းများ မပျက်စီးရန် အတွက် စိမ့်မြောင်း၊ ပတ်မြောင်းများဆောင်ရွက်ပါ။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

❍ *ကျောဖုံးမှ*

အဆင့် (၄)နေရာသို့ ယာယီတက်လှမ်းနိုင်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန် ၄ မိနစ်နှင့် ၂၇ မိနစ်တွင် ထက်အာကာဝင်း၊ ၃၇ မိနစ်တွင် ရဲခန့်အောင်နှင့် ၇၃ မိနစ်တွင် မင်းဘုန်းခန့်တို့က သွင်းယူပေးခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ရန်ကုန်စီးတီးကွင်းလယ်လူ ထက်အာကာဝင်းက ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ခဲ့သည့်ပွဲစဉ်တွင် ချင်းလန်းအသင်းက FALCON အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ယူကာ ဒုတိယဒြေတက်နိုင်ပွဲ ရရှိခဲ့သည်။ FALCON အသင်းသည် ပွဲချိန် ၁၁ မိနစ်တွင် စိုင်းမြတ်မင်းနှင့် ၃၇ မိနစ်တွင် ဟန်ထူးလွင်တို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ချင်းလန်းအသင်းက ၂၁ မိနစ်တွင် လွန်ရာဂျင် (ပယ်နယ်တီ) နှင့် ၃၉ မိနစ်တွင် ပြည့်စုံမင်းတို့က ချေပဂိုးနှစ်ဂိုးပြန်လည်သွင်းယူခဲ့သည်။ ချင်းလန်းအသင်းအတွက် အနိုင်ဂိုးကို ၄၇ မိနစ်တွင် လွန်ရာဂျင်က ထပ်မံသွင်းယူခဲ့သည်။ ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ကျောနံပါတ် (၇) လွန်ရာဂျင်က ရရှိခဲ့သည်။

အပတ်စဉ်(၂၃) နောက်ဆုံးပွဲစဉ်အဖြစ် နိုဝင်ဘာ ၁၀ ရက်တွင် ဗဟန်းကွင်း၌ ရှမ်းယူနိုက်တက်နှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ–ML**

✻ *ကျောဖုံးမှ*

အဆိုပါပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ ချုပ်မှ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့တွင် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ (အမျိုးသား) ပထမအဆင့်အုပ်စုပတ်လည်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြရာ အားကစားရေးရာ ဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို သုံးပွဲ–နှစ်ပွဲဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ (အမျိုးသမီး) ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်ကို ယှဉ်ပြိုင်ကစားကြရာ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသည်။

၂၀၂၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ" အမျိုးသား ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အမျိုးသမီး ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို **"အခမဲ့"** လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

❂ *ကျောဖုံးမှ*

မန်ယူအသင်းသည် ပွဲအစ၀ လေးမိနစ်အတွင်း နှစ်ဂိုးပြတ်ရှုံးနိမ့်နေခဲ့သော်လည်း ဖာနန်ဒက်စ်၊ တိုင်လီမန်းစ်တို့၏ သွင်းဂိုးများကြောင့် ပထမပိုင်းတွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။ ထို့အပြင် မန်ယူအသင်းသည် ဒုတိယပိုင်းတွင်လည်း နှစ်ဂိုးပြတ် ထပ်မံရှုံးနိမ့်နေရာမှ လူစားဝင်ကစားသမားများဖြစ်သည့် ဇီဇီးနှင့် ဒေါ်ကူတို့၏ နောက်ကျသွင်းဂိုးများကြောင့် တစ်ဖက်လေးဂိုးစီ သရေကျခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ပွဲစဉ်မှာ အပြန်အလှန်သွင်းဂိုးများဖြင့် ပွဲအစမှ နောက်ဆုံး မိနစ်အထိ အကြိတ်အနယ်ရှိပြီး ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ မန်ယူအသင်းသည် အက်စ်တွန်ဗီလာအသင်းကို သရေကျခဲ့သောကြောင့် ၁၉၈၆–၈၇ နောက်ပိုင်း ပရီမီယာလိဂ် ၁၀ ပွဲကစားပြီး အဆင့် ၁၈ တွင် ရပ်တည်နိုင်မှုမှာ အဆိုးရွားဆုံးရပ်တည်မှုဖြစ်ကြောင်း သိရသည်။ မန်ယူအသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ရှစ်ပွဲတွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခြင်းမရှိပေ။ ထို့အပြင် မန်ယူအသင်းသည် ပွဲစဉ် ၁၀ အပြီးတွင် ရမှတ် ၈ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ၁၅ ရက်ထက်မနည်း ရပ်တည်နေတော့မည်ဖြစ်ပြီး ယင်းမှာ ၁၉၈၆ ခုနှစ်က တန်းဆင်းဇုန်အတွင်း ၂၈ ရက်ကြာ ရပ်တည်မှုပြီးနောက် အရှည်ကြာဆုံး ဖြစ်လာဖွယ်ရှိသည်။

ပြိုင်ဘက်အက်စ်တွန်ဗီလာအသင်းက မန်ယူအသင်းကို သရေကျခဲ့သောကြောင့် ရမှတ် ၁၃ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် ၁၀ တွင် ရပ်တည်နေသည်။

ပရီမီယာလိဂ် ပွဲစဉ် ၁၀ ယှဉ်ပြိုင်ကစားအပြီးတွင် အာဆင်နယ်အသင်းက ဒုတိယနေရာမှ ဘရိုက်တန်အသင်းထက် ငါးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ရမှတ်အနည်းဆုံးဖြစ်သည့် မန်ယူ၊ ဆန်းဒါးလန်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့က တန်းဆင်းဇုန်အတွင်း ရပ်တည်နေသည်။ **အောင်ဇော်**

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အာဟာရဒါနလှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဘော်၏ ဦးဆောင်မှုဖြင့် နိုဝင်ဘာ ၇ ရက်တွင် ကျရောက်သည့် (၃၈) နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ဆေးရုံတက်ရောက် ကုသလျက်ရှိသော လူနာ ၂၀၀ ခန့်အား နိုဝင်ဘာ ၇ ရက်က ကြက်သားဆန်ပြုတ် အာဟာရ လှူဒါန်းခဲ့သည်။



မွန်းလွဲပိုင်းတွင် လှိုင်သာယာ (အရှေ့ပိုင်း) ပြည်သူ့ဆေးရုံတွင် တက်ရောက် ဆေးကုသလျက်ရှိသော လူနာ ၂၀၀ ခန့် အား ထမင်း၊ ကြက်သားဟင်း၊ ငရုတ်သီးကြော်၊ ကြာဆံဟင်းနှင့် မုန့်အချိုများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရန်လင်း(ပြန်/ဆက်)



ကျောင်းကုန်းမြို့၌ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကျင်းပ

ကျောင်းကုန်း နိုဝင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အေးချမ်းသာယာနန်းမ၌ (၃၈)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကို နိုဝင်ဘာ ၅ ရက်က ကျင်းပရာ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက ကျောင်းကုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော သက်ပြည့်ပင်စဉ်ခံစားနေသည့် အငြိမ်းစားဝန်ထမ်းများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဝင်းကြိုင်(ပြန်/ဆက်)

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်ရုံး)သို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာ

ရန်ကုန် နိုဝင်ဘာ ၉

ရန်ကုန်မြို့ရှိ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ ယမန်နေ့က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သွားရောက်လေ့လာကြသည်။

အဆိုပါလေ့လာရေးခရီးစဉ်များကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ အခြေခံပညာအထက်တန်းကျောင်း ၁၅ ကျောင်းတို့မှ ကျောင်းသား ကျောင်းသူများသည် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန (ရန်ကုန်ရုံးခွဲ)သို့ အပတ်စဉ် စနေ၊တနင်္ဂနွေကျောင်းပိတ်ရက်များ တွင် လေ့လာရေးသွားရောက်ရန် စီစဉ်ထားရှိကြောင်း သိရသည်။



ခွဲမင်းထက်(ပြန်/ဆက်)

သရက်မြို့၌ ကျောက်ကပ်သွေးသန့်စင်ဌာန အကြိမ်(၁၅၀၀)ပြည့် ကျောက်ကပ်သွေးသန့်စင်ခြင်းနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပ

သရက် နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ကျောက်ကပ်သွေးသန့်စင်ဌာန၏ အကြိမ်(၁၅၀၀)ပြည့် ကျောက်ကပ်သွေးသန့်စင်ခြင်းနှင့် ကျောက်ကပ် သွေးသန့်စင်ဌာနအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက်က သရက်ခရိုင် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန သင်ကြားရေးဌာနတွင် ကျင်းပရာ ဆေးရုံ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ဦးအောင်ကို နှင့် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ အုပ်စိုးလင်းတို့က ကျောက်ကပ်သွေးသန့်စင်ဌာန၏ အကြိမ် (၁၅၀၀)ပြည့်မြောက်သည့် အထိ အောင်မြင်စွာ ကျောက်ကပ် သွေးသန့်စင်နိုင်ခဲ့ခြင်း၊ အလှူငွေ ပေးအပ်ပွဲ ကျင်းပနိုင်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျောက်ကပ် သွေးသန့်စင်ဌာနအတွက် အလှူရှင်များက အလှူငွေကျပ် ၁၁၀၅၀၀၀၀ ပေးအပ်လှူဒါန်းကြရာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

မောင်လှလင်(သရက်)

ချောက်မြို့နယ်၌ အယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

ချောက် နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး ချောက်မြို့ အမက ရတနာအိုင့်ကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အယ်လ်နီညိုကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အပူဒဏ်အန္တရာယ်များနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးထိခိုက်မှုများ မဖြစ်ပွားစေရန် လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ နေရောင်ခြည်ပြင်းထန်ချိန်တွင် နေပူထဲသွားလာမှုကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်းနှင့် အပူဒဏ်ကြောင့် ကျန်းမာရေးမထိခိုက်စေရန်ကြိုတင်ကာကွယ်ရေးနည်းလမ်းများ လိုက်နာဆောင်ရွက်ရေးတို့ကို အသိပညာပေးဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား အသိပညာပေးနှံ့ရက်ပစာစောင်များကို ပြာ၍ အယ်လ်နီညိုကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်မိုး(ပြန်/ဆက်)



ထားဝယ်မြို့၌ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ မျိုးစေ့များပေးအပ်

ထားဝယ် နိုဝင်ဘာ ၉

၂၀၂၆-၂၀၂၇ခုနှစ် ထားဝယ်ခရိုင်အတွင်း မြို့နယ်များရှိ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ(မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ) မျိုးစေ့များ ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌဦးကောင်းညွှန့်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်နီနီရှိန်တို့က ဆောင်းသီးနှံမျိုးစေ့ ပေးအပ်ပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ပတ်သက်၍ အစိုခဘတ်ရှိသော လယ်မြေများတွင် မိုးစပါး အပြီး သီးနှံစိုက်စွမ်းအား မြင့်မားလာစေရန် ဆောင်းသီးနှံကို တစ်ဧက အထွက်နှုန်းကောင်းသော မျိုးကောင်းမျိုးသန့်များဖြင့် စိုက်ပျိုးနိုင်စေရန် ဖြစ်ကြောင်း၊ အကျိုးဆောင် တောင်သူများ အတွက် ရာသီအချိန်မီ စိုက်ပျိုးနိုင်ရန် ဆောင်းသီးနှံမျိုးစေ့များ ပေးအပ်ခြင်းဖြစ်ကြောင်း၊ ရာသီအလိုက် သီးနှံစိုက်ပျိုးမှုလျှော့နည်း ကျဆင်းမှုမရှိစေရန်နှင့် ပန်းတိုင် အထွက်နှုန်းရရှိရန် လိုအပ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက ခရိုင်အတွင်း မြို့နယ်များရှိ အကျိုးဆောင်တောင်သူများအား ဆောင်းသီးနှံ(မတ်ပဲ၊ အစေ့ထုတ်ပြောင်း၊ နေကြာ)မျိုးစေ့များ ပေးအပ်သည်။

ဒွေဇင်ယော်(ထားဝယ်)

တာချီလိတ်မြို့၌ အယ်လ်နီညိုအကြောင်း သိကောင်းစရာများ အသိပညာပေး

တာချီလိတ် နိုဝင်ဘာ ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ပြည်သူများအနေဖြင့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် ပတ်သက်သည့်အခြေခံဗဟုသုတများ၊ ကြိုတင်ဆောင်ရွက်သင့်သည့် နည်းလမ်းများကို သိရှိနိုင်စေရန်အတွက် အယ်လ်နီညိုအကြောင်း သိကောင်းစရာအသိပညာပေးခြင်းကို နိုဝင်ဘာ ၄ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခွဲ ပြုလုပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်နှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန့်ပေါ်လင်းတို့က အယ်လ်နီညိုဖြစ်စဉ်၏ သဘောသဘာဝ၊ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်း၌ ဖြစ်ပေါ်လာနိုင်သည့် အပူချိန်မြင့်တက်ခြင်း၊ မိုးရွာသွန်းမှု မမှန်ကန်ခြင်း၊ မိုးခေါင်ရေရှားမှုနှင့် ရေအရင်းအမြစ်လျော့နည်းလာနိုင်ခြင်း၊ အပူဒဏ်နှင့် ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာအန္တရာယ်များကို ကာကွယ်နိုင်ရေးနှင့် ရေကိုချွေတာသုံးစွဲရေး စသည့်အကြောင်းအရာများကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

ရွှေမြိုင်သူ(ပြန်/ဆက်)



ကျောက်တံခါးမြို့နယ်၌ သိုးမွေးချည်ထိုးသင်တန်း ဖွင့်လှစ်

ကျောက်တံခါး နိုဝင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ သိုးမွေးချည်ထိုးသင်တန်းကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခွဲ ကျင်းပရာ သင်တန်းနည်းပြ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာဝင်းက သိုးမွေးချည်ထိုးနှင့် ပတ်သက်၍ အခြေခံကြသည့်အချက်များနှင့် သိုးမွေးချည်ဖြင့် လူသုံးကုန်ပစ္စည်းများနှင့် အလှကုန်ပစ္စည်းများ ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်း(ပြန်/ဆက်)

ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။

ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။


ရုရှားသမ္မတ ဗလာဒီမာပူတင်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှင့် ထိပ်သီးဆွေးနွေးပွဲပြုလုပ်ရန် မျှော်လင့်ကြောင်း သမ္မတထရမ့်ပြော

ဖလော်ရီဒါ နိုဝင်ဘာ ၉

လာမည့် အာရှ - ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးပြင်ပတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့နှင့် သုံးပွင့်ဆိုင်ဆွေးနွေးပွဲပြုလုပ်ရန် မျှော်လင့်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်တွင် ထိုကဲ့သို့ သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှု ဖြစ်လာနိုင်ခြေ ရှိ မရှိနှင့်ပတ်သက်၍ သတင်းထောက်တစ်ဦး၏မေးမြန်းမှုကို သမ္မတထရမ့်က တုံ့ပြန်ဖြေကြားခဲ့ခြင်းဖြစ်သည်။ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ထိပ်သီးအစည်းအဝေးကို တရုတ်နိုင်ငံ ရှင်းကျန့်မြို့၌ နိုဝင်ဘာ ၁၈ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

ထို့အပြင် သမ္မတထရမ့်က သုံးနိုင်ငံခေါင်းဆောင်များသည် ရုရှကလီးယားလက်နက်ဖျက်သိမ်းရေးအပါအဝင် အကြောင်းအရာအများအပြားကို ဆွေးနွေးသွားဖွယ်ရှိကြောင်းလည်း ပြောကြားသည်။



ရုရှားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက သုံးနိုင်ငံခေါင်းဆောင်များပါဝင်သော ထိပ်သီးအစည်းအဝေးဖြစ်မြောက်ဖွယ်ရှိကြောင်း ပြောကြားသည်။ ထို့အပြင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးကလည်း သုံးနိုင်ငံမှ တာဝန်ရှိသူများသည် ထိုကဲ့သို့ တွေ့ဆုံဆွေးနွေးမှုများနှင့်ပတ်သက်၍ အဆက်အသွယ်ရှိကြောင်း ပြောကြားသည်။

အင်နဲအိတ်ချ်ကေ

ပြင်သစ်သမ္မတ မက်ခရွန် ယခုရက်ပိုင်းအတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်မည်

ဖနွေးပင် နိုဝင်ဘာ ၉

ပြင်သစ်သမ္မတ အီမန်ရွယ်မက်ခရွန်သည် ကမ္ဘောဒီးယားဘုရင် နိရိုဒွန် စီဟာမိုနီ၏ ဖိတ်ကြားချက်အရ လာမည့် နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် လာရောက်မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံခြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၉ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

သမ္မတ မက်ခရွန်သည် ကမ္ဘောဒီးယားခရီးစဉ်အတွင်း တော်ဝင်နန်းတော်၌ ဘုရင်စီဟာမိုနီနှင့် တွေ့ဆုံမည်ဖြစ်ပြီး အထက်လွှတ်တော် ဥက္ကဋ္ဌ ဆမဲဒက်တီချိုဟွန်ဆန်နှင့် ဝန်ကြီးချုပ် ဟွန်မာနက်တို့နှင့်လည်း နှစ်နိုင်ငံဆွေးနွေးပွဲများပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ သမ္မတမက်ခရွန်၏ ခရီးစဉ်သည် ၁၉၉၃ ခုနှစ်က ဖရန့်ဆွာ မီးတရောင်းပြီးနောက် ပြင်သစ်သမ္မတတစ်ဦးအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်သည့် ပထမဆုံး နိုင်ငံတော်အဆင့် ခရီးစဉ်ဖြစ်လာမည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ **ဆင်ဟွာ**



COP31 ရာသီဥတုညီလာခံကျင်းပသည့် အိမ်ရှင် တူကီယဲနိုင်ငံက ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်း

အန်ကာရာ နိုဝင်ဘာ ၉

တူကီယဲနိုင်ငံတောင်ပိုင်း အန်တာလျာမြို့၌ ၂၀၂၆ ခုနှစ် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ COP31 ကို နိုဝင်ဘာ ၉ ရက်က စတင်ကျင်းပခဲ့သည်။ ညီလာခံဖွင့်ပွဲတွင် တူကီယဲနိုင်ငံ ပတ်ဝန်းကျင်၊ မြို့ပြနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာဝန်ကြီး မူရတ်ကူရမ်က ယခင် COP ညီလာခံများတွင် သဘောတူညီခဲ့သည့် အချက်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

ညီလာခံတွင် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးသွားမည်ဖြစ်သည်။ ကမ္ဘာ့မိုးလေဝသအဖွဲ့ (WMO) ၏ ထုတ်ပြန်ချက်အရ ၂၀၂၆ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာလအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်သည် စက်မှုခေတ်မတိုင်မီကာလထက် ၁ ဒသမ ၄၇ ဒီဂရီဆဲလ်စီးယပ် မြင့်တက်ခဲ့ကြောင်း သိရသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်ကလည်း ကမ္ဘာကြီးသည် ရာသီဥတုပြင်းထန်သည့် ခေတ်သစ်တစ်ခုသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးပြောကြားခဲ့သည်။

ယခုညီလာခံတွင် ဩစတြေးလျနိုင်ငံက ဆွေးနွေးညှိနှိုင်းမှုများကို ဦးဆောင်မည်ဖြစ်ပြီး အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် တူကီယဲနှင့် ဩစတြေးလျနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် ရာသီဥတုဆိုင်ရာ သဘောတူညီချက်များကို လက်တွေ့အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပါလာမည်ဖြစ်သည်။

အင်နဲအိတ်ချ်ကေ

အီဂျစ်နိုင်ငံ၌ ရထားနှစ်စင်းတိုက်မှုဖြစ်ပွား၊ ခုနစ်ဦးသေဆုံးပြီး ၁၁၀ ကျော် ထိခိုက်ဒဏ်ရာရ

ကိုင်ရို နိုဝင်ဘာ ၉

အီဂျစ်နိုင်ငံ၌ ရထားနှစ်စင်းတိုက်မှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး ၁၁၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။ အဆိုပါဖြစ်ရပ်မှာ အီဂျစ်နိုင်ငံ၏မြို့တော် ကိုင်ရိုမြို့ ဆင်ခြေဖုံးဒေသ၌ ဖာယွမ်မြို့သို့ ဦးတည်ခုတ်မောင်းလာသော ရထားတစ်စင်းနှင့် နိုင်ငံတောင်ပိုင်း အာဆွမ်မြို့သို့ ဦးတည်ခုတ်မောင်းလာသော ရထားတစ်စင်းတို့ နိုဝင်ဘာ ၈ ရက်တွင် တိုက်မိခဲ့ခြင်းဖြစ်သည်။

ကျန်းမာရေးအာဏာပိုင်များက ရထားတိုက်မှုကြောင့် ရထားတွဲ အချို့ လမ်းချော်ခဲ့ပြီး လက်ရှိအချိန်အထိ ခုနစ်ဦးသေဆုံးကာ ၁၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြောကြားသည်။

အီဂျစ်သမ္မတ အက်ဒယ်ဖာတာအယ်စီစီက နိုဝင်ဘာ ၈ ရက်တွင် လူမှုကွန်ရက်မှတစ်ဆင့် သေဆုံးသူများနှင့် ယင်းတို့၏ မိသားစုဝင်များ အတွက် အလွန်စိတ်မကောင်းဖြစ်ရကြောင်း ပြောကြားသည်။ ထို့အပြင် သမ္မတအယ်စီစီသည် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ အမြန်ဆုံးစုံစမ်းစစ်ဆေးရန်နှင့် ပေါ့ဆမှုရှိသူ မည်သူ့ကိုမဆို တာဝန်ယူစေရန် ညွှန်ကြားထားသည်။

အင်နဲအိတ်ချ်ကေ



ဒီပါဝလီပွဲတော်ကာလအတွင်း မီးမတော်တဆမှုများ မြင့်တက်လာပြီးနောက် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းမပြုရန် မွန်ဘိုင်းအာဏာပိုင်များ တားမြစ်

နယူးဒေလီ နိုဝင်ဘာ ၉

ဒီပါဝလီ ပွဲတော်ကာလအတွင်း မီးနှင့်ပတ်သက်သည့် မတော်တဆမှုများ မြင့်တက်လာပြီးနောက် အိန္ဒိယစီးပွားရေးမြို့တော် မွန်ဘိုင်း အာဏာပိုင်များက နိုဝင်ဘာ ၂၅ ရက်အထိ အများပြည်သူနေရာများနှင့် ပုဂ္ဂလိကပိုင် နေရာများတွင် မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းမပြုရန် နိုဝင်ဘာ ၉ ရက်က တားမြစ်ချက်ထုတ်ပြန်လိုက်သည်။

လူနေထူထပ်ခြင်း၊ အထပ်မြင့် အဆောက်အအုံ များပြားခြင်း၊ ဆင်းရဲသားရပ်ကွက်များ ရှိခြင်း၊ လမ်းများ ကျဉ်းမြောင်းခြင်းနှင့် လူနေအိမ်များနှင့် စီးပွားရေး လုပ်ငန်းများ ထူထပ်စွာရှိခြင်းက မီးရှူးမီးပန်းများကြောင့် ဖြစ်ပေါ် လာနိုင်သည့် မီးဘေးအန္တရာယ် မတော်တဆမှုကို ပိုမိုဖြစ်ပွားစေ နိုင်ကြောင်းနှင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ခြိမ်းခြောက်ဖျက်ဆီးစေနိုင်ကြောင်း မွန်ဘိုင်းသဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင် အဖွဲ့က ပြောသည်။

ဒီပါဝလီပွဲဖြစ်သည့် အိန္ဒိယ လူမျိုးတို့၏ မီးထွန်းပွဲတော်ကို ယမန်နေ့က အိန္ဒိယနိုင်ငံတစ်ဝန်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ **ဆင်ဟွာ**

ဂရိနိုင်ငံ၌ ရွှေပြောင်းဝင်ရောက်သူများ၏ လေ့များမတော်တဆမှုဖြစ်၍ ၂၀ ခန့် သေဆုံး

အေသင် နိုဝင်ဘာ ၉

ဂရိနိုင်ငံ ကရေတေကျွန်းတောင်ဘက် ပင်လယ်ပြင်တွင် ရွှေပြောင်းဝင်ရောက်သူများ လိုက်ပါလာသည့်လေ့များ မတော်တဆမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၂၀ သေဆုံးပြီး ၁၃၃ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဂရိနိုင်ငံပိုင် ရုပ်သံဌာန ERT က နိုဝင်ဘာ ၉ ရက်တွင် ဖော်ပြလိုက်သည်။

ဥရောပကော်မရှင်၏ ၂၀၂၆ ခုနှစ် ခိုလှုံခွင့်နှင့် ရွှေပြောင်း နေထိုင်မှုဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာအရ ဂရိနိုင်ငံသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်မှုသည် ယခင် ၁၂ လတာ ကာလနှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်း လျော့ကျခဲ့သည်။

သို့သော် ကရေတေကျွန်းသို့ ရောက်ရှိလာသူဦးရေမှာ ၁၀၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၁၀၀၀ ခန့်ရှိလာကာ ဂရိနိုင်ငံသို့ ရောက်ရှိလာသူအားလုံး၏ ထက်ဝက်နီးပါး ရှိကြောင်း သိရသည်။ ရွှေပြောင်း ဝင်ရောက်သူ အများစုသည် လစ်ဗျားနှင့် တူကီယဲနိုင်ငံတို့မှ တစ်ဆင့် အရှေ့မြေထဲပင်လယ် လမ်းကြောင်းကို အသုံးပြုလာကြခြင်းဖြစ်သည်။

ဆင်ဟွာ

အီသီယိုးပီးယားနိုင်ငံက သုံးလအတွင်း ကော်ဖီတင်ပို့မှုမှ ဝင်ငွေ ဒေါ်လာ ၈၇၈ သန်းကျော် စံချိန်တင်ရရှိ

အဒ္ဓစအဘာဘာ နိုဝင်ဘာ ၉

ယခုဘဏ္ဍာနှစ်၏ ပထမသုံးလ ပတ်အတွင်း အီသီယိုးပီးယားနိုင်ငံ၏ စုစုပေါင်းကော်ဖီတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၈၇၈ သန်းကျော်ရရှိခဲ့ရာ ယမန်နှစ်ကထက် ၁၅ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။ ယင်းသို့ ဝင်ငွေတိုးတက်လာခြင်းမှာ တရုတ်နိုင်ငံသို့ ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ကျော် စံချိန်တင်ဝင်ငွေရရှိခဲ့ခြင်း ကြောင့်ဖြစ်ကြောင်း အီသီယိုးပီးယား ကော်ဖီနှင့် လက်ဖက်အာဏာပိုင် အဖွဲ့ (ECTA) က ကြေညာသည်။

ဇူလိုင် ၈ ရက်တွင်စတင်သည့် ၂၀၂၆-၂၀၂၇ အီသီယိုးပီးယားနိုင်ငံ၏ ဘဏ္ဍာနှစ်ပထမသုံးလအတွင်း တရုတ်နိုင်ငံဈေးကွက်သို့ ကော်ဖီတန်ချိန် ၁၅၁,၂၅ တန် တင်ပို့မှုမှ ဒေါ်လာ ၁၀၃ သန်းရရှိခဲ့ကြောင်း နိုဝင်ဘာ ၇ ရက် နောင်းပိုင်းတွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်၌ အီသီယိုးပီးယားကော်ဖီနှင့် လက်ဖက်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ယင်းကာလအတွင်း အီသီယိုးပီးယားနိုင်ငံသည် နိုင်ငံတကာ ဈေးကွက်သို့ ကော်ဖီတန်ချိန် ၁၃၁,၀၆၉ တန်ကျော် တင်ပို့ခဲ့ပြီး ၁၃၁,၀၆၉ ဒသမ ၅ သန်း စံချိန် တင်ဝင်ငွေရရှိခဲ့ကြောင်း၊ ယင်း ပမာဏသည်ပြီးခဲ့သည့်ဘဏ္ဍာနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၁၅ ရာခိုင်နှုန်း တိုးတက်လာခြင်း ဖြစ်ကြောင်း အီသီယိုးပီးယား ကော်ဖီနှင့် လက်ဖက်အာဏာပိုင် အဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



မြေအောက်ရေစီမံခန့်ခွဲမှု ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်း ဖြစ်ပါသည်။
အကြံပြုစာများကို ပြည်ထောင်စု လွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေကြမ်း

(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်)

၁၃၈၈ ခုနှစ်၊ လ၊ ရက်

(၂၀၂၆ ခုနှစ်၊ လ၊ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **မြေအောက်ရေစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) **မြေအောက်ရေ** ဆိုသည်မှာ မြေမျက်နှာပြင်အောက်ရှိ ရေအောင်းလွှာအတွင်း တည်ရှိသော ရေကို ဆိုသည်။ ယင်းစကားရပ်တွင် မြစ်၊ ချောင်း၊ ကန်၊ စသည်တို့၏ ရေအောက်ကြမ်းပြင် အောက်ရှိ ရေအောင်းလွှာအတွင်း တည်ရှိသော ရေနှင့် နယ်စပ်ဖြတ်ကျော် **မြေအောက်**ရေ အောင်းလွှာအတွင်းတည်ရှိသောရေလည်း ပါဝင်သည်။

(ခ) **မြေအောက်ရေထုတ်ယူသုံးစွဲခြင်း** ဆိုသည်မှာ မြေအောက်ရေကို စက်အင်အားအသုံးပြု၍ သော်လည်းကောင်း၊ သဘာဝအလျောက် ရေလျှံထွက်ခြင်းဖြင့်သော်လည်းကောင်း၊ တစ်နည်းနည်း ဖြင့်သော်လည်းကောင်း ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ဂ) **မြေအောက်ရေစီမံခန့်ခွဲမှု** ဆိုသည်မှာ မြေအောက်ရေအောင်းလွှာဧရိယာ စီမံခန့်ခွဲခြင်း (Groundwater zone management)၊ မြေအောက်ရေထုတ်ယူသုံးစွဲခြင်း၊ ထိန်းသိမ်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် သုတေသနပြုခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်အား စီမံခန့်ခွဲမှုကို ဆိုသည်။

(ဃ) **မြေအောက်ရေထိန်းသိမ်းခြင်း** ဆိုသည်မှာ မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ် တည်တံ့စေမှုတို့အား ထိန်းသိမ်းကာကွယ်ခြင်းကို ဆိုသည်။

(င) **စက်ရေတွင်း** ဆိုသည်မှာ မြေအောက်ရေကို ပိုက်ချ၍ ထုတ်ယူသော ရေတွင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အပေါ်ဆုံးရေအောင်းလွှာအတွင်း တည်ရှိသောရေကို ထုတ်ယူသည့် လက်တူးတွင်းတိမ်များမပါဝင်။

(စ) **ရေလျှံစုန်** ဆိုသည်မှာ ဗဟိုကော်မတီက သတ်မှတ်ထားသည့် သဘာဝအလျောက် ရေလျှံ တွင်းများတူးဖော်ရရှိနိုင်သော ဇရိယာကို ဆိုသည်။

(ဆ) **မြေအောက်ရေအောင်းလွှာစုန်** ဆိုသည်မှာ မြေအောက် ရေခိုအောင်းရာသဲလွှာ သို့မဟုတ် စရစ်ဖြုန်း ကျောက်လွှာတို့အနက် ပေအလိုက် ပျံ့နှံ့တည်ရှိသည့် တစ်ဆက်တစ်စပ်တည်း နယ်မြေဒေသ (Groundwater Basin) ကို ဆိုသည်။

(ဇ) **မြေအောက်တမံ** ဆိုသည်မှာ ရွှေ့လျားစီးဆင်းနေသည့် မြေအောက်ရေအား ရယူအသုံးပြုနိုင်ရန် မြေမျက်နှာပြင်အောက်တွင် တည်ဆောက်သောတမံ (Subsurface Dam) ကို ဆိုသည်။

(ဈ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ အစိုးရအဖွဲ့က ဖွဲ့စည်းသော မြေအောက်ရေကြီးကြပ် ထိန်းသိမ်းရေး ဗဟိုကော်မတီကို ဆိုသည်။

(ည) **လုပ်ငန်းအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် မြို့နယ်မြေအောက်ရေ ကြီးကြပ်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ကို ဆိုသည်။

(ဋ) **မြေအောက်ရေအရည်အသွေး**ဆိုသည်မှာ မြေအောက်ရေ၏ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေး၊ ဓာတုပိုင်းဆိုင်ရာ အရည်အသွေး၊ အဏုဇီဝဆိုင်ရာ အရည်အသွေး၊ ဝိုးမွားဗေဒဆိုင်ရာ အရည် အသွေး၊ ရေဒီယိုဓာတ်သတ္တိဆိုင်ရာ အရည်အသွေးကို ဆိုသည်။

(ဌ) **တူးဖော်ခွင့်ပြုမိန့်** ဆိုသည်မှာ မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့က ထုတ်ပေးသော စက်ရေတွင်း တူးဖော်ခွင့်ပြုသည့် အမိန့်ကို ဆိုသည်။

(ဍ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ မြေအောက်ရေထုတ်ယူရေးအတွက် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့က ထုတ်ပေးသော စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဎ) **သုံးစွဲခွင့်ပြုမိန့်** ဆိုသည်မှာ တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေ၏ အရည်အသွေးကို စစ်ဆေးပြီးနောက် အိမ်သုံးအတွက်ဖြစ်စေ၊ စိုက်ပျိုး မွေးမြူရေး အပါအဝင် စီးပွားရေးလုပ်ငန်းသုံးအတွက်ဖြစ်စေ ထုတ်ယူသုံးစွဲခြင်းပြုရန် သက်ဆိုင် ရာလုပ်ငန်းအဖွဲ့က ထုတ်ပေးသော ခွင့်ပြုသည့်အမိန့်ကို ဆိုသည်။

(ဏ) **အိမ်သုံး** ဆိုသည်မှာ တွင်းဝအချင်း ၂ လက်မထက်မပိုသော စက်ရေတွင်းမှ ရေကို အိမ်သုံး အတွက် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(တ) **လုပ်ငန်းသုံး** ဆိုသည်မှာ စက်ရေတွင်းမှရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်းကို ဆိုသည်။

(ထ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာနကိုဆိုသည်။

(ဓ) **ဦးစီးဌာန** ဆိုသည်မှာ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီက တာဝန်ပေးအပ် သည့် ဦးစီးဌာနကို ဆိုသည်။

အခန်း (၂)

ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားအဆင့် ရေမူဝါဒများအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) မြေအောက်ရေကို သက်ရှိလောကအတွက် အရေးကြီးသော သဘာဝအရင်းအမြစ်တစ်ခု အဖြစ် နားလည်တန်ဖိုးထားတတ်စေရန်၊

(ဂ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းပြုရေး အတွက် ကြီးကြပ်ဆောင်ရွက်ရန်နှင့် အသိပညာဖြန့်ဖြူးရန်၊

(ဃ) မြေအောက်ရေကို သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ စနစ်တကျ ထုတ်ယူသုံးစွဲခြင်းဖြင့် မြေအောက်ရေ လျော့နည်းဆုံးရှုံးရာမှ သောက်သုံးရေရှားပါးမှု အန္တရာယ်ကြုံတွေ့ကာကွယ်ရန်၊

(င) မြေအောက်ရေ၏ ရေရှည်ထုတ်ယူသုံးစွဲသွားနိုင်မှု၊ အရည်အသွေးနှင့် သဘာဝစနစ် တည်တံ့စေမှု တို့ကို ထိန်းသိမ်းကာကွယ်ရန်၊

(စ) ကျန်းမာရေးနှင့်ညီညွတ်ပြီး ကောင်းမွန်သောရေအရင်းအမြစ်မှ သန့်ရှင်းသည့် သောက်ရေ၊ သုံးရေကို ပြည်သူများ ထုတ်ယူသုံးစွဲနိုင်စေရန်၊

(ဆ) မြေအောက်ရေစီမံခန့်ခွဲမှုလုပ်ငန်းကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူပညာရှင်များနှင့် လိုအပ်သလို ပူးပေါင်းညှိနှိုင်း ဆောင်ရွက်နိုင်ရန်၊

(ဇ) မြေအောက်ရေ စီမံခန့်ခွဲမှုလုပ်ငန်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အခန်း(၃)

ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ့သည်-

(က) ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂) ဒုတိယဝန်ကြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန	ဒုတိယ ဥက္ကဋ္ဌ
(၃) ဒုတိယဝန်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန	အဖွဲ့ဝင်
(၄) ဒုတိယဝန်ကြီး နယ်စပ်ရေးရာဝန်ကြီးဌာန	အဖွဲ့ဝင်
(၅) ဒုတိယဝန်ကြီး ကျန်းမာရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၆) ဒုတိယဝန်ကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၇) နေပြည်တော်ကောင်စီဝင် နေပြည်တော် ကောင်စီ	အဖွဲ့ဝင်
(၈) ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၉) ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၀) ညွှန်ကြားရေးမှူးချုပ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၁) ညွှန်ကြားရေးမှူးချုပ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၂) ညွှန်ကြားရေးမှူးချုပ် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၁၃) ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန	အတွင်းရေးမှူး
(၁၄) ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန	တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မြေအောက်ရေကြီးကြပ်ခြင်းနှင့် မြေအောက်ရေ ထိန်းသိမ်းခြင်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း၊

(ခ) မြေအောက်ရေနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာ ဗဟိုဌာန (Database Centre) တစ်ခု ထူထောင်ပြီး အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ စူးစမ်းလေ့လာခြင်း၊ သုတေသနပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဦးစီးဌာနနှင့်၊ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ် ထားရှိခြင်း၊ ဦးစီးဌာနမှတစ်ဆင့် လုပ်ငန်းအဖွဲ့အဆင့်ဆင့် အား သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက် ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့်ပတ်ဝန်းကျင် မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်း များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စီစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဃ) နည်းပညာ ငွေကြေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ လိုအပ်ပါက အစိုးရအဖွဲ့အစည်း များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်တွင်း၊ ပြည်ပမြေအောက်ရေ ကျွမ်းကျင်ပညာ ရှင်များနှင့် အဖွဲ့အစည်းများထံမှ အကူအညီရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) မြေအောက်ရေကို ရှာဖွေခြင်း၊ ထုတ်ယူသုံးစွဲခြင်းနှင့် ကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များ ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့များနှင့် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန် များ သတ်မှတ်ခြင်း၊

စာမျက်နှာ ၁၆ သို့

စာမျက်နှာ ၁၅ မှ

(စ) သက်ဆိုင်ရာ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို ဦးစီးဌာနအား လွှဲအပ်တာဝန်ပေးခြင်း၊

(ဆ) လုပ်ငန်းလိုင်စင်ကြေးအပါအဝင် အခြားသော အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဇ) သုံးစွဲခွင့်ပြုမိန့်အတွက် ကာလအတိုင်းအတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြုရေပမာဏ သတ်မှတ်ခြင်း၊

(ဈ) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ည) သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ပါဝင်သော ဗဟိုကော်မတီ၏ အကြံပေးအဖွဲ့ကို ဖွဲ့စည်းခြင်း။

၆။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဝန်ကြီးချုပ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥက္ကဋ္ဌ

(ခ) နေပြည်တော်ကောင်စီဝင် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ သက်ဆိုင်ရာ ဝန်ကြီးတစ်ဦး ဒုတိယဥက္ကဋ္ဌ

(ဂ) ဒုတိယဥက္ကဋ္ဌနှင့်ကြားရေးမှူးအဆင့်အောက် မနှိမ့်သော ပုဂ္ဂိုလ်တစ်ဦးစီ အဖွဲ့ဝင်

(၁) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၃) ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(၄) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(၅) ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(၆) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၇) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ

(ဃ) အတွင်းရေးမှူး အတွင်းရေးမှူး
နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့

(င) ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြေအောက်ရေနှင့်စပ်လျဉ်းသည့် အချက်အလက်များစုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆောင်ရွက်ချက်ကို ကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကိုအသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေးစနစ် ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ၊ လူနှင့်ပတ်ဝန်းကျင်မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများ နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စီစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းနှင့် မြေအောက်ရေကြီးကြပ်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လိုအပ်သော လုပ်ငန်းအဖွဲ့အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဃ) လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သင့်လျော်သော လုပ်ငန်းတာဝန်များကို မြို့နယ်လုပ်ငန်းအဖွဲ့များအား လွှဲအပ်တာဝန်ပေးအပ်ခြင်း၊

(င) ဗဟိုကော်မတီအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(စ) လုပ်ငန်းလိုင်စင် သို့မဟုတ် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့် ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) လုပ်ငန်းသုံး တူးဖော်ခွင့်ပြုမိန့် သက်တမ်းတိုး လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း၊

(ဈ) အယူခံဝင်မှုများကို စီစစ်ဆုံးဖြတ်ခြင်း။

၈။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် မြို့နယ်လုပ်ငန်းအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(က) အုပ်ချုပ်ရေးမှူး ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(ဂ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(ဃ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြေစာရင်းဦးစီးဌာန

(င) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်သစ်တောဦးစီးဌာန

(စ) တာဝန်ခံ အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန

(ဆ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန

(ဇ) တာဝန်ခံ အဖွဲ့ဝင်
မြို့နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဈ) အမှုဆောင်အရာရှိ အတွင်းရေးမှူး
မြို့နယ်စည်ပင်သာယာရေးအဖွဲ့

၉။ မြို့နယ်လုပ်ငန်းအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြေအောက်ရေနှင့် စပ်လျဉ်းသည့် အချက်အလက်များ စုဆောင်းခြင်း၊ မှတ်တမ်းပြုခြင်း၊ သုတေသနပြုခြင်းတို့နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ လမ်းညွှန်ချက်အတိုင်းကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ မြေအောက်ရေကို အသုံးချရာတွင် စောင့်ကြည့်ကွပ်ကဲရေး စနစ်ထားရှိခြင်း၊

(ခ) မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းပြုရာတွင် မြေအောက်ရေ၏ သဘာဝစနစ်ကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ လူနှင့် ပတ်ဝန်းကျင်မထိခိုက်စေရန် သတ်မှတ်သည့် စံချိန်စံညွှန်းများ နှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စီစစ်ကြီးကြပ်ခြင်းနှင့် အသိပညာဖြန့်ဖြူးခြင်း၊

(ဂ) ဗဟိုကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့နှင့် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

(ဃ) အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်၊ သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်၊ ထုတ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) အိမ်သုံးတူးဖော်ခွင့်ပြုမိန့်၊ သက်တမ်းတိုး လျှောက်ထားချက်ကို ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) တူးဖော်ထားသောစက်ရေတွင်းများကို ဝင်ရောက်စစ်ဆေးခြင်း။

အခန်း(၄)

တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်

၁၀။(က) မြေအောက်ရေကို အိမ်သုံးအတွက် စက်ရေတွင်းတူးဖော်လိုသူသည် တူးဖော်ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သောစက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေကို အိမ်သုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီလျှောက်ထားရမည်။

၁၁။မြို့နယ်လုပ်ငန်းအဖွဲ့သည်-

(က) ပုဒ်မ ၁၀ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၀ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး အိမ်သုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၂။ (က) မြေအောက်ရေကို လုပ်ငန်းသုံးအတွက် စက်ရေတွင်း တူးဖော်လိုသူသည် တူးဖော် ခွင့်ပြုမိန့်ရရှိရေးအတွက် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့်အရ တူးဖော်သော စက်ရေတွင်းမှ ထွက်ရှိသည့် မြေအောက်ရေကို လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲလိုသူသည် သုံးစွဲခွင့်ပြုမိန့်ရရှိရန် သက်ဆိုင်ရာမြို့နယ် လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၃။တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်း အဖွဲ့သည်-

(က) ပုဒ်မ ၁၂ ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၂ ပုဒ်မခွဲ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းသုံးအတွက် သုံးစွဲခွင့်ပြုမိန့်ကို ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၄။တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူသည်-

(က) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်တို့ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ခ) တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ထုတ်ပေးသည့် သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

(ဂ) စက်ရေတွင်းကို အကြောင်းတစ်ရပ်ရပ်ကြောင့် ပိတ်သိမ်းလိုပါက သက်ဆိုင်ရာလုပ်ငန်းအဖွဲ့သို့ တင်ပြ၍ခွင့်ပြုချက် ရယူရမည်။

အခန်း(၅)

လုပ်ငန်းလိုင်စင်

၁၅။စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်း အဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

အခန်း(၆)

သက်တမ်းတိုးလျှောက်ထားခြင်း

၁၈။တူးဖော်ခွင့်ပြုမိန့်ရရှိသူသည်-

(က) စက်ရေတွင်းကို တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တူးဖော်ရမည်။

(ခ) ပုဒ်မခွဲ (က) နှင့်အညီ စက်ရေတွင်းကို ပြီးစီးအောင် တူးဖော်နိုင်ခြင်းမရှိပါက တူးဖော် ခွင့်ပြုမိန့် သတ်မှတ်ကာလတိုးမြှင့်ပေးရန် တူးဖော်ခွင့်ပြုမိန့်ပေးသည့် လုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်နှင့် အညီ လျှောက်ထားရမည်။

၁၉။ပုဒ်မ ၁၈၊ ပုဒ်မခွဲ (ခ) အရ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် ခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့ သို့မဟုတ် ယင်းက တာဝန်လွှဲအပ်သောအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီးနောက် သက်တမ်းတိုးမြှင့်ပေးသင့်ကြောင်းတွေ့ရှိလျှင် ယင်းခွင့်ပြုမိန့်ထုတ်ပေးသည့် လုပ်ငန်းအဖွဲ့က သက်တမ်းတိုးမြှင့်ပေးရမည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

၂၀။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း သက်တမ်း တိုးမြှင့်ပေးရန် သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ငန်း အဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့ သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးရန် ခွင့်ပြုခြင်း၊ ပြင်ဆင်ဆောင်ရွက်စေခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

အခန်း(၇)

စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၂။ သက်ဆိုင်ရာ မြို့နယ်လုပ်ငန်းအဖွဲ့သည် အိမ်သုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲ ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို အောက်ပါ စီမံခန့်ခွဲရေးနည်းလမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

၂၃။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့သည် လုပ်ငန်းသုံးအတွက် တူးဖော်ခွင့်ပြုမိန့် သို့မဟုတ် သုံးစွဲခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၁၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖြစ်စေ လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို အောက်ပါစီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) ပယ်ဖျက်ခြင်း။

အခန်း (၈)

အယူခံခြင်း

၂၄။ (က) မြို့နယ်လုပ်ငန်းအဖွဲ့က ပုဒ်မ ၂၂ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သည့် အခြားဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို သော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စု နယ်မြေ လုပ်ငန်းအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်း အဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ မြို့နယ်လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စု နယ်မြေလုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၂၅။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်း အဖွဲ့က ပုဒ်မ ၂၃ စီမံခန့်ခွဲရေးနည်းလမ်းအရ ချမှတ်သည့် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ ဤဥပဒေအရ ချမှတ်သည့် အခြားဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေ လုပ်ငန်းအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း၊ အတည်ပြုခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

အခန်း(၉)

တားမြစ်ချက်များ

၂၆။ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်မရှိဘဲ အိမ်သုံးအတွက် စက်ရေတွင်း တူးဖော်ခြင်း မပြုရ၊

(ခ) သုံးစွဲခွင့်ပြုမိန့် မရှိဘဲ အိမ်သုံးအတွက် ထုတ်ယူသုံးစွဲခြင်း မပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့် မရှိဘဲ လုပ်ငန်းသုံးအတွက် စက်ရေတွင်း တူးဖော်ခြင်း မပြုရ၊

(ဃ) သုံးစွဲခွင့်ပြုမိန့် မရှိဘဲ လုပ်ငန်းသုံးအတွက် ထုတ်ယူသုံးစွဲခြင်း မပြုရ၊

(င) လုပ်ငန်းလိုင်စင်မရှိဘဲ စက်ရေတွင်း တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်း မပြုရ၊

(စ) သဘာဝပတ်ဝန်းကျင်ထိခိုက်စေခြင်းနှင့် မြေအောက်ရေ ရေရည်တည်တံ့ခိုင်မြဲရေးအား ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေသော တူးဖော်သုံးစွဲခြင်းမျိုး မပြုရ။

၂၇။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမျှ-

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်း တူးဖော်ခြင်း မပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကို ကျော်လွန်၍ တူးဖော်ခြင်း မပြုရ။

၂၈။ လုပ်ငန်းလိုင်စင်ရှိသူ မည်သူမျှ -

(က) တူးဖော်ခွင့်ပြုမိန့်ပါ သတ်မှတ်ခွင့်ပြုသည့်နေရာမှအပ အခြားနေရာတွင် စက်ရေတွင်း တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ၊

(ခ) တူးဖော်ခွင့်ပြုမိန့်ပါ စက်ရေတွင်းအရေအတွက်နှင့် အရွယ်အစားကို ကျော်လွန်၍ တူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ၊

(ဂ) တူးဖော်ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးပါက စက်ရေတွင်းတူးဖော်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ခြင်း မပြုရ။

၂၉။ မည်သူမျှမြေအောက်ရေ ညစ်ညမ်းစေမည့် မည်သည့်အပြုအမူကိုမျှ မပြုလုပ်ရ။

၃၀။ မည်သည့် သုံးစွဲခွင့်ပြုမိန့်ရရှိသူမျှ ဗဟိုကော်မတီက သတ်မှတ်ခွင့်ပြုထားသည့်ကာလ အတိုင်း အတာနှင့် ထုတ်ယူသုံးစွဲရမည့် ခွင့်ပြု ရေပမာဏထက်ပို၍ ထုတ်ယူသုံးစွဲခြင်း မပြုရ။

၃၁။ မည်သူမျှ သုံးစွဲခွင့်ပြုမိန့်ပါ ခွင့်ပြုချက်မှတစ်ပါး အခြားလုပ်ငန်းများအတွက် အသုံးပြုခြင်း မပြုရ။

အခန်း(၁၀)

ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၂။ မည်သူမဆို -

(က) ပုဒ်မ ၂၆ ပုဒ်မခွဲ(က) သို့မဟုတ် (ခ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ခ) ပုဒ်မ ၂၆ ပုဒ်မခွဲ (ဂ) သို့မဟုတ် (ဃ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်ငါးသိန်းမှ အများဆုံးကျပ်သိန်း ၂၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၆ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ် နိုင်သည်။

(ဃ) ပုဒ်မ ၂၆ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ်သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၃။ တူးဖော်ခွင့်ပြုမိန့်ရရှိသူ မည်သူမဆို ပုဒ်မ ၂၇ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ် ချမှတ်နိုင်သည်။

၃၄။ လုပ်ငန်းလိုင်စင်ရရှိသူ မည်သူမဆို ပုဒ်မ ၂၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၅။ မည်သူမဆို ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် သိန်း ၂၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ အထိ ငွေဒဏ်ကိုဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၆။ သုံးစွဲခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ်ငါးသိန်းအထိ ငွေဒဏ်ချမှတ်နိုင်သည်။

အခန်း(၁၁)

အထွေထွေ

၃၈။ ဗဟိုကော်မတီသည် စက်ရေတွင်းများတွင် မြေအောက်ရေထုတ်ယူ သုံးစွဲမှုပမာဏကို တိုင်းတာ နိုင်ရန် သင့်လျော်သော ရေမီတာစနစ်များ တပ်ဆင်ရန် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားရမည်။

၃၉။ ရေလျှံတွင်းများ၊ ရေလျှံစုန်များ၊ မြေအောက်ရေအောင်းလွှာခုန် (groundwater basin) များ၊ မြေအောက်တမံ (subsurface dam) များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်းအဖွဲ့မှ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

၄၀။ ဝန်ကြီးဌာနသည် ပုဒ်မ ၃ ပါ ရည်ရွယ်ချက်များအရ ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့ အဆင့်ဆင့်သို့ နေရာဒေသအလိုက် မြေအောက်ရေ အခြေအနေဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရန် သုတေသနများ ဆောင်ရွက်ရမည်။

၄၁။ ဝန်ကြီးဌာနသည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များ ပိုမိုနိုင်မာစေရန် မြေ အောက်ရေနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာဗဟိုဌာန (Database Centre) ထူထောင်ခြင်း၊ မြေအောက်ရေရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ကြီးကြပ်ခြင်း၊ ထိန်းသိမ်း ခြင်းလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော ဘဏ္ဍာရန်ပုံငွေကို တင်ပြ တောင်းခံနိုင်သည်။

၄၂။ ဦးစီးဌာနသည် ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

၄၃။ သက်ဆိုင်ရာ လုပ်ငန်းအဖွဲ့ အဆင့်ဆင့်သည် မြေအောက်ရေဆိုင်ရာ သတင်းအချက်အလက်များကို ဦးစီးဌာနမှ တိုက်ရိုက် တောင်းယူနိုင်သည်။

၄၄။ လုပ်ငန်းလိုင်စင်လျှောက်ထားသူသည် ဗဟိုကော်မတီက သတ်မှတ်သည့် အခကြေးငွေများကို ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဘဏ္ဍာရန်ပုံငွေများသို့ ပေးသွင်းရမည်။

၄၅။ တူးဖော်ခွင့်ပြုမိန့်နှင့်သုံးစွဲခွင့်ပြုမိန့်၊ လျှောက်ထားသူသည် ဗဟိုကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် အခကြေးငွေများကိုလည်းကောင်း၊ တူးဖော်ခွင့်ပြုမိန့်နှင့် သုံးစွဲခွင့်ပြုမိန့်၊ ထုတ်ပေးခြင်း မပြုမီ ကန့်ကွက်လွှာဆင့်ခေါ်သည့် ကုန်ကျစရိတ်ကိုလည်းကောင်း ကျခံရမည်။

၄၆။ ဗဟိုကော်မတီသည် အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုက်နာရခြင်းမှကင်းလွတ်ခွင့် ပြုနိုင်သည်။

၄၈။ ဤဥပဒေမပြဋ္ဌာန်းမီ တူးဖော်ခဲ့ပြီးသော စက်ရေတွင်းများအနက် တွင်းကောင်းမွန်ပြီး လက်ရှိရေ ထုတ်ယူနေသော တွင်းများသည် ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များအတိုင်း စာရင်းသွင်းခြင်း၊ မှတ်ပုံတင်ခြင်းများ ဆောင်ရွက်ရမည်။

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည်ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ငန်းအဖွဲ့ သို့မဟုတ် ပြည်ထောင်စုနယ်မြေလုပ်ငန်း အဖွဲ့သည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၀။ The Underground Water Act (Burma Act No. IV, 1930) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။





အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့် ဆက်စပ်ပစ္စည်းများ။







အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများ၊ ဗုံးသီးများနှင့် ဆက်စပ်ပစ္စည်းများ။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် ဗုံးသီးများ၊ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ကားများနှင့် အခြားဆက်စပ်ပစ္စည်းများ။



တပ်မတော်စစ်ကြောင်းများက သိမ်းရဲပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPHနှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းနှင့် ပစ်ကျင်းဘန်ကာများအား သိမ်းပိုက်ရရှိမှု။



တပ်မတော်စစ်ကြောင်းများက သိမ်းရဲပ်–ကျိုက်ထို၊ ရွှေကျင်ဒေသရှိ NUG၊ CRPH နှင့် KNU၊ KNLA အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းနှင့် ပစ်ကျင်းများအား သိမ်းပိုက်ရရှိမှု။

*** ကျောဖုံးမှ**

KNU၊ KNLA အပါအဝင် CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မွန်ပြည်နယ် သိမ်းရဲပ် – ကျိုက်ထိုဒေသနှင့် ပဲခူးတိုင်းဒေသကြီး နယ်မြေအစပ်တို့ရှိ သွားလာရေးခက်ခဲသော တောတောင်များအတွင်း အခြေပြုနေထိုင်၍ တရားဥပဒေမဲ့ မသမာသောနည်းလမ်းမျိုးစုံမှ ရရှိလာသော အကျိုးအမြတ်များဖြင့် အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသော လက်လုပ်စိန်ပြောင်းများ၊ လက်လုပ်သေနတ်များ၊ ခဲယမ်းများနှင့် ဖောက်ခွဲရေးသုံးပစ္စည်းများကို ပြုလုပ်ပြီး လက်နက်အားကိုးဖြင့် ရိုးသားစွာ အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အနှိုင်ကျင့်ဗိုလ်ကျကာ ကျေးရွာများအတွင်းနှင့် အနီးဝန်းကျင်တို့တွင် ယာယီအခြေပြုစခန်းများ တည်ဆောက်နေထိုင်လျက်ရှိကြကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် အဆိုပါဒေသများ၌ ယာယီစိုးမိုးအခြေပြုစဉ်ကာလအတွင်း ဒေသခံပြည်သူများ၏ နေအိမ်များ၊ ဘဘသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်ခြင်း၊ ဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသော ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရဟန်းသံဃာများနှင့် သစ္စာရှိနိုင်ငံ့ဝန်ထမ်းများအား “ဒလန်” ခေါင်းစဉ်တပ်ဝွပ်ခွဲပြီး ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခြင်းများကို တရားဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။

ထို့ပြင် ၎င်းဒေသအတွင်းရှိ ဒေသခံပြည်သူလူထု၏ ကုန်စည်ပို့ဆောင်မှုများ လုပ်ဆောင်လျက်ရှိသည့် ကုန်တင်ကားများနှင့် ခရီးသွားမော်တော်ယာဉ်များအား ဆက်ကြေးကောက်ခံခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ခရီးသွားပြည်သူများအား အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်လျက်ရှိသဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာခဲ့ရသည်။

NUG၊ CRPH တို့အနေဖြင့် KNU၊ KNLA အဖွဲ့များနှင့် ပူးပေါင်းကာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်းရဲပ်မြို့၏ အရှေ့မြောက်ဘက်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်း NUG ၏ အထူးတိုင်းစစ်ဌာနချုပ်ဖွင့်လှစ်၍ အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်မှုကို ကွပ်ကဲလျက်ရှိကြောင်း ဒေသခံတာဝန်သိပြည်သူများ၏တိကျသော သတင်းပေးပို့မှုအရ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation)ဖြင့် တိုက်ခိုက်ချေမှုန်းရန် သိမ်းရဲပ်မြို့၌ လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုဝင်ဘာလ ၃ ရက်မှစ၍ စစ်ကြောင်းများ ခွဲကာ နယ်မြေလုံခြုံရေးလုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၅ ရက်တွင် သိမ်းရဲပ်မြို့၏ အရှေ့မြောက်ဘက် ကော်ကတ်ကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၁ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၆ ရက်တွင် သိမ်းရဲပ်မြို့၏ အရှေ့မြောက်ဘက် ကော်ထီးထကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြု နေထိုင်လျက်ရှိသည့် စခန်း ၁ ခုအား လည်းကောင်း၊ နိုဝင်ဘာလ ၇ ရက်တွင် သိမ်းရဲပ်မြို့၏ အရှေ့မြောက်ဘက် ကော်ထီးထကျေးရွာအနီးရှိ KNU၊ KNLA တပ်မဟာ(၁)၊ ရင်း(၃) ဌာနချုပ်အပါအဝင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီအခြေပြုနေထိုင်လျက်ရှိသည့် စခန်း ၄ ခုတို့အား သိမ်းပိုက်ရရှိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်ခြင်း မရှိစေရေး လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မနှံ့ညမအား ဆက်လက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နိုဝင်ဘာလ ၈ ရက်တွင် မွန်ပြည်နယ် သိမ်းရဲပ်မြို့၏ အရှေ့မြောက်ဘက်၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ပွိုင့် ၄၈၀ တောင်ကုန်းအနီး ထီးကလာချောင်း၀နှံးကျင်တစ်စိုက်၌ NUG၊ CRPH အကြမ်းဖက်သောင်းကျန်းသူများ၏ အထူးတိုင်းစစ်ဌာနချုပ် အပါအဝင်စခန်း ၅ ခုအား ထပ်မံ၍ အသီးသီးတိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တိုက်ခိုက်သိမ်းပိုက်နိုင်ရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ၄ ကြိမ်ဖြစ်ပွားခဲ့ပြီး NUG ၊ CRPH အကြမ်းဖက်အဖွဲ့၏ အထူးတိုင်းစစ်ဌာနချုပ်အပါအဝင် KNU၊ KNLA အဖွဲ့များ၏ အကြမ်းဖက်စခန်းနေရာ ၁၁ နေရာတို့အား တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၉၇ လက်၊ ကျည်မျိုးစုံ ၁၂၅၅ တောင့်၊ Drop Bomb ၃၆၂ လုံး၊ မိုင်းမျိုးစုံ ၁၃၉ လုံး၊ (4x4) ကား ၂ စီး၊ ဒရုန်းများ၊ လက်ပစ်ဗုံးများ၊ ဗုံးသီးများ၊ ဒီတိုနေတာများ၊ ဆက်သွယ်ရေးစက်များ၊ ပစ်ကျင်းများ၊ ဘန်ကာများ၊ လူနေတဲများ၊ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ရိက္ခာပစ္စည်းများ၊ ကွန်ပျူတာအပါအဝင် ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ သောင်းကျန်းသူများ၏ ပြောက်ကျား ဝတ်စုံများ၊ ကျည်ကာအင်္ကျီ၊ ဦးထုပ်များ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများ၊ အခြားအသုံးအဆောင်ပစ္စည်း အများအပြား သိမ်းဆည်းရမိခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ထိခိုက်ဆုံးရှုံးမှုများစွာဖြင့် ဦးတည်ရာမဲ့ဖရိုဖရဲဆုတ်ခွာထွက်ပြေးသွားကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို နည်းမျိုးစုံ နှောင့်ယှက်ဖျက်ဆီးနေသည့် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများကို မည်သည့်ဒေသတွင်မျှ အခြေချနေထိုင်၍ အကြမ်းဖက်လုပ်ရပ်များအား ယုတ်မာရိုင်းစိုင်းစွာ ဥပဒေမဲ့ကျူးလွန်ခြင်း မရှိစေရန် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး(Counter-Terrorism Operation) ကို တာဝန်သိဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ အဆိုပါသိမ်းရဲပ်–ကျိုက်ထို ဒေသများအတွင်း အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်နိုင်ခြင်းမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

၁၀၀

ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသည့် တရားမဝင်တရုတ်နိုင်ငံသား ၁၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ရာတွင် သိမ်းဆည်းရမိသည့် မီးစက်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက စုံစမ်းရှာဖွေ ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာ၏ တောင်ဘက်မိတာ ၂၅၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသည့် တရားမဝင် တရုတ်နိုင်ငံသား ၁၅ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျားပေ ၄၀ အနံပေ ၂၀ ရှိ ယာယီလူနေတဲ နှစ်လုံး၊ အလျား ပေ ၄၀ အနံပေ ၃၀ ရှိ ယာယီအလုပ်ရုံ တစ်လုံး၊ ပေ ၂၀ ပတ်လည်ရှိ ယာယီစားချက်ဆောင် တစ်လုံး၊ ပေ ၃၀ ပတ်လည်ရှိ ရေကန် တစ်ကန်၊ မီးစက် တစ်လုံး၊ Freezer တစ်လုံး၊ ပန်ကာရှည် နှစ်လုံး၊ Router ခြောက်လုံး၊ All In One Computer နှစ်လုံး၊ StarLink နှစ်ခု၊ ဖုန်းမျိုးစုံ အလုံး ၄၀၊ ပလတ်စတစ်ထိုင်ခုံ အလုံး ၄၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် နောင်ဝူးကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၉

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာ့နှင့် အမျိုးသားလုံခြုံရေးကို လုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ် ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်



လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေ အတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၆၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၁၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့် မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက် ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆ လုံး စုစုပေါင်း အဆောက်အအုံ ၁၀ လုံးတို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီး ဖြစ်ပြီး ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၅၃ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၉

ကျောင်းသား လူငယ်မောင်မယ်များ နိုင်ငံတော်၏ သမိုင်းနှင့်တပ်မတော်၏ သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာရရှိစေရန်၊ လူငယ်များအား မျိုးချစ်စိတ်ဓာတ်များ ရင်သန်ထက်မြက်လာစေပြီး နိုင်ငံချစ်စိတ်နှင့် တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန်၊ ကျောင်းသင်ရိုးညွှန်းတမ်းပါသင်ခန်းစာများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ဝိုဝုံးမနားမြို့နယ်ရှိနေပြည်တော်စိတ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကံ့ကော် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကောင်းထူးချွန် ကိုယ်ပိုင် အထက်တန်းကျောင်း၊ ပွင့်ပန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဟိန်းပညာကိုယ်ပိုင်အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ FUTURE STAR ကိုယ်ပိုင်အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များနှင့် တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသည့် စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ဆက်လက်၍ တပ်မတော်(ကြည်း) ပြင်ပပြကွက်နှင့် ပြခန်းဆောင်ရှိ စစ်လက်နက်ပစ္စည်းများ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှု လေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေကြသည်။

ယင်းနောက် ပြတိုက်တာဝန်ရှိသူများက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်းရှိ ကဏ္ဍအလိုက် ပြခန်းပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြသကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ



နှင့် ဆရာ ဆရာမများက ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်လေ့လာကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပပြုလုပ်ကာ မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ သတင်းစဉ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၉

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အောင်ဘာလေသိန်းဆုဌာနခွဲ ထီဖွင့်ပွဲခန်းမ၌ ကျင်းပရာ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၃)၊ ဌာနမှူး ဦးစောဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးခွဲ (ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်အောင်တို့က အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဥပဒေများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများကို အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

သံဖြူဇရပ် အမှတ်(၁)မြို့မဈေးရှိ ကုန်စုံဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

သံဖြူဇရပ် နိုဝင်ဘာ ၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့ အမှတ်(၁)မြို့မဈေး၌ မီးဘေးအန္တရာယ် ကင်းရှင်းရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များက ယနေ့ နံနက်ပိုင်းတွင် မီးသတိမူရေး ပိုစတာစိုက်ထူပြီး ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါ့ဦမိုးဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးနှင့်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ဈေးတာဝန်ခံတို့ ပူးပေါင်းအဖွဲ့က ဈေးပတ်ဝန်းကျင်ရှိ ကုန်စုံဆိုင်များအား မီးဘေးအန္တရာယ် ကင်းရှင်းရေး အသုံးပြုမှု ရှိ/မရှိ စစ်ဆေးပြီး လိုအပ်သည်များ အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ညောင်ရွှေမြို့၌ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်း အသိပေးရှင်းလင်း

ညောင်ရွှေ နိုဝင်ဘာ ၉

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ်အတွင်း ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းလုပ်ငန်း အသိပေးရှင်းလင်းပွဲကို ယမန်နေ့က မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောလွင်နှင့် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်စစ်ထွန်းတို့က ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ညောင်ရွှေမြို့နယ်တွင် အသက်ကိုးလမှ ငါးနှစ်အောက်ကလေးများ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထပ်ဆောင်းထိုးနှံခြင်းကို နိုဝင်ဘာ ၉ ရက်မှ စ၍ သတ်မှတ်စုရပ်များအလိုက် ထိုးနှံလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ပြင်ဦးလွင်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ပြင်ဦးလွင် နိုဝင်ဘာ ၉

ပြင်ဦးလွင်မြို့နယ်သည် ခရီးသွားဖြို့တော်ဖြစ်သည်နှင့်အညီ သန့်ရှင်းသာယာလှပနေစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ဦးဆောင်ကာ ယမန်နေ့က ရပ်ကွက်ကြီး(၈)၊ (၁၀)၊ (၁၂)၊ (၁၆)နှင့် (၁၇)တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ/မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခေါင်တို့က သန့်ရှင်းရေးဆောင်ရွက်နေကြသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို မြို့နယ်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သွေးသွေး(ပြန်/ဆက်)



ဆင်ပေါင်ဝဲမြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေး

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၉

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းနှင့် အာဟာရ စောင့်ရှောက်မှုလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ဆေးထိုးစုရပ်များတွင် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထိန်လင်းအောင်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ အသက်ကိုးလမှ ၅၉ လ အရွယ်ကလေးငယ်များအား ဆောင်ရွက်ပေးကြသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးနေမှု အခြေအနေများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကူညီပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)





တံတားဦးမြို့နယ်၌ ဝက်သက်-ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံ

တံတားဦး နိုဝင်ဘာ ၉

တံတားဦးမြို့နယ်အတွင်းရှိ အသက် ကိုးလမှ ၅၉ လအတွင်းရှိ ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုး ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းလုပ်ငန်းကို ယနေ့နံနက်ကမေ့ယဝန် ဘုန်းတော်ကြီးကျောင်း ရွှေမင်းသမီးမွှာရုံ၌ ဆောင်ရွက်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနခရိုင်ဆရာဝန်ကြီး ဒေါက်တာမြင့်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ပြီး ကာကွယ်ဆေးထိုးနှံပေးမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်ဝံခရိုင်၊ ကြောက်မြို့နယ်၊ ငါးသိုင်းချောင်းမြို့၊ အောင်ဆန်းရပ်ကွက်၊ ကွင်းအမှတ်(၀၉၉-N)၊ ငါးသိုင်းချောင်းကွင်း၊ ဦးပိုင်အမှတ်(၁၀၉)၊ ဧရိယာ(၀.၀၄၅)ဧကကို မြေအားလုံးနေအိမ်အသုံးပြုရန်အတွက် မြေငှားဂရန်ရရှိလျှောက်ထားလိုပါသဖြင့် ဦးကျော်ဇင်မင်းမှ မြေငှားစိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင် နိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကြောက်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျောက်မြို့

စာအုပ်စာပေ လူ့မိတ်ဆွေ။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လျှောက်လွှာခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန(ရုံးချုပ်)၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ စခန်း/ဂေဟာများတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်း ပြည့်မီသူများသည် ပြန်လည်ထူထောင်ရေးဦးစီးဌာန(ရုံးချုပ်)တွင် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

စဉ်	ရာထူး(လစာနှုန်း)	ခန့်ထားမည့် ရာထူးနေရာ	အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း
(က)	အငယ်တန်းစာရေး (၁၈၀၀၀၀–၂၀၀၀၀၀)	၂၀ နေရာ	အခြေခံပညာ အထက်တန်းအောင်
(ခ)	ကျွမ်းကျင်(၅)(စားဖိုမှူး) (၁၆၂၀၀၀–၂၀၀၀၀၀)	၅ နေရာ	အခြေခံပညာ အထက်တန်းအဆင့်
(ဂ)	ပစ္စည်းထိန်း (၅) (၁၆၂၀၀၀–၂၀၀၀၀၀)	၁၀ နေရာ	အခြေခံပညာ အထက်တန်းအဆင့်
(ဃ)	ယာဉ်မောင်း (၅) (၁၆၂၀၀၀–၂၀၀၀၀၀)	၁၀ နေရာ	အခြေခံပညာ အလယ်တန်းအဆင့် ယာဉ်မောင်းလိုင်စင်(ခ)ရှိသူ
(င)	ရုံးအကူ/စာပို (၁၄၄၀၀၀–၂၀၀၀၀၀)	၅ နေရာ	အခြေခံပညာ မူလတန်းအဆင့်
(စ)	အစောင့် (၁၄၄၀၀၀–၂၀၀၀၀၀)	၅ နေရာ	အခြေခံပညာ မူလတန်းအဆင့်
(ဆ)	သန့်ရှင်းရေးအကူ (၁၄၄၀၀၀–၂၀၀၀၀၀)	၅ နေရာ	အခြေခံပညာ မူလတန်းအဆင့်

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

(ခ) အမှတ်စဉ် - ၁ (က) မှ (င)ထိ လျှောက်ထားသူများသည် (၁ - ၁၀ - ၂၀၂၆) ရက်နေ့တွင် အသက်(၃၃)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်၊ အမှတ်စဉ် - ၁(စ)နှင့်(ဆ)အား လျှောက် ထားသူများသည် (၁ - ၁၀ - ၂၀၂၆) ရက်နေ့တွင် အသက်(၃၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပုံစံ(၁၂)ရရှိပြီးသူများသည် သက်မှတ်ချက်များနှင့်ကိုက်ညီပါက ဌာနမှသက်မှတ်အသက်ထက် (၃)နှစ် တိုးမြှင့်၍ လက်ခံစေပေမည် ဖြစ်ပါသည်။**

(ဂ) ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဃ) ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာနု၏ နှတ်ထွက်နွှင့်ပြုကြောင်း အမိန့်စာ မိတ္တူပြသရမည်ဖြစ်ပြီး အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal) ဖြစ်ဒဏ်(သို့မဟုတ်) ရာထူးမှထုတ်ပယ်ခြင်း (Removal) ဖြစ်ဒဏ်ခံရသူများ လျှောက်ထားရန် မလိုအပ်ပါ။

၃။ အငယ်တန်းစာရေးရာထူးအတွက် ရေးဖြေစာမေးပွဲကို နေ့ပြည်တော်တွင် (၁၁ - ၁၂ - ၂၀၂၆) ရက်၌ ဖြေဆိုရမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုသွားရန်နှင့် ရေးဖြေစာမေးပွဲ အောင်မြင်သူများကို (၁၈-၁၂-၂၀၂၆) ရက်တွင် လူတွေ့စစ်ဆေး ရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည်။

၄။ ကျွမ်းကျင်(၅)(စားဖိုမှူး) ရာထူး၊ ပစ္စည်းထိန်း(၅) ရာထူး၊ ယာဉ်မောင်း(၅) ရာထူး၊ ရုံးအကူ/စာပို ရာထူး၊ အစောင့် ရာထူးနှင့် သန့်ရှင်းရေးအကူ ရာထူးနေရာများအတွက် (၁၇-၁၂-၂၀၂၆) ရက်တွင် လူတွေ့စစ်ဆေးရွေးချယ်ခန့်အပ်သွားမည် ဖြစ်ပါသည်။

၅။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) ကိုယ်တိုင်ရေးလျှောက်လွှာ၊

(ခ) ကိုယ်ရေးရာဇဝင်အကျဉ်း၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

(ဃ) အခြေခံပညာအထက်တန်းအောင်လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊ **(အငယ်တန်းစာရေး ရာထူးအတွက်သာ)**

(င) ပညာအရည်အချင်းအတွက် အထောက်အထား၊ အောင်မြင်ခဲ့သည့်ကျောင်းထောက်ခံစာ တစ်ခုခုတင်ပြရန်၊ **(ကျွမ်းကျင်(၅)(စားဖိုမှူး)၊ ပစ္စည်းထိန်း(၅)၊ ယာဉ်မောင်း-၅ ရာထူးအတွက်သာ)**

(စ) ယာဉ်မောင်းလိုင်စင်(ခ) မိတ္တူ **(ယာဉ်မောင်း-၅ ရာထူးအတွက်သာ)**

(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံချက် မူရင်း၊ **(ရာထူးအားလုံးအတွက်)**

(ဇ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့ထောက်ခံချက်မူရင်း (လွန်ခဲ့သောတစ်လအတွင်း)၊ **(ရာထူးအားလုံးအတွက်)**

(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ **(ရာထူးအားလုံးအတွက်)**

(ည) ပတ်(စ်)ပို့ ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော ၆ လခန့်) (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ် အမှတ်ရေးရန်)၊ **(ရာထူးအားလုံးအတွက်)**

(ဋ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံချက်မူရင်း၊ **(ရာထူးအားလုံးအတွက်)**

(ဌ) အိမ်ထောင်စုစာရင်း မိတ္တူ၊ **(ရာထူးအားလုံးအတွက်)**

(ဍ) အခြားတက်ရောက်ထားသည့်သင်တန်းများရှိပါက သင်တန်းဆင်းလက်မှတ်များ။

၆။ လျှောက်လွှာများကို (၃၀ - ၁၁ - ၂၀၂၆) ရက်နောက်ဆုံးထားရှိ လက်ခံသွားမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)တွင် (၇ - ၁၂ - ၂၀၂၆)ရက်မှ (၈ - ၁၂ - ၂၀၂၆) ရက်ထိ ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း) ပြသ၍ လူကိုယ်တိုင် လာရောက်ထုတ်ယူရမည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်၊ စာတမ်းအချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ပြန်လည်ထူထောင်ရေးဦးစီးဌာန (ရုံးချုပ်) ရုံးအမှတ်(၂၃)သို့ လူကိုယ်တိုင်ဖြစ်စေ ဖုန်း ၀၆၇-၃၄၀၄၅၅၅ ထံသို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်လည်ထူထောင်ရေးဦးစီးဌာန

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
တောင်ကြီးမြို့နယ် တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၆၀

ဦးအေးမြတ်ကို (တရားလို) နှင့် ဦးထင်အောင် (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ ပန်းသခွာရွာ၊ ဖာမွန်းအုပ်စု နေ ဦးထင်အောင် (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအေးမြတ်ကို က "အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားခဲ့ဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှု နှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် (သုခစ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၂ ရက်) မွန်းတည့်မီ ၁၀ နာရီတွင် အထက် အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက် ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေစာငြပ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလို့လျှင် အမှုဆိုင်ခံ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နန္ဒာအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
တောင်ကြီးမြို့နယ် တရားရုံးတော်
၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၈၆

ဦးနာရာယန်း(၁)လက်ချမန်း (တရားလို) နှင့် ဗိုလ်ကြီးတင်ဦး (တရားပြိုင်)

တောင်ကြီးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၅၅) နေ ဗိုလ်ကြီးတင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးနာရာယန်း(၁)လက်ချမန်း က "စာချုပ်စာတမ်းမှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားခဲ့ဆိုသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်း လဆုတ် ၂ ရက်) မွန်းတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေစာငြပ်အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလို့လျှင် အမှုဆိုင်ခံ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နန္ဒာအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/60710၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကည၁၊ ခရိုင်ရုံး(ဟသ်ာတမြို့)

အများသိစေရန်ကြေညာခြင်း

(ဘ)ဦးဖိုးဇော်(ခ)ဦးဇော်ဝင်း၏သားဖြစ်သူ ဦးရာဇာဦး ၉/ရမသ(နိုင်)၂၂၇၆၁၂ ပါသော ဓါတ်ပုံများအား Social Media ပေါ်တွင်ဖြန့်ဝေခဲ့မိပါသည်။ ထိုသို့ဖြန့်ဝေခဲ့မိသည့်အတွက် နှစ်ဖက်သောမိဘများနှင့်ဆွေမျိုးအသိုင်းအဝိုင်းများအပေါ် အထင်အမြင်လွဲမှား၍ ဂုဏ်သိက္ခာကျဆင်းစေခဲ့ရခြင်း အတွက် နှားလည်ခွင့်လွှတ်ပေးကြပါရန် အနူးအညွတ်တောင်းပန်အပ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်ဇင်ဇင်ဦး (ဘ) ဦးလှဝင်း
၉/မရသ(နိုင်) ၁၆၃၅၁၅

အများသိစေရန် အသိပေးကြေညာခြင်း

ဝဲနူးတိုင်း(အနောက်ပိုင်း)၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ သိုက်ဝါး ချောင်းအုပ်စု၊ သိုက်ဝါးချောင်းရွာ၊ "ဟံသာအေး" လူငယ်ဖွံ့ဖြိုးရေး ပရဟိတကျောင်းတိုက်မှ အသက်(၁၆)နှစ်အရွယ်ရှိ ၈ တန်းကျောင်းသူ မမွန်နဲ့သာပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး တိုက်ကြီးမြို့နယ်ရှိ မမွန်နဲ့သာ၏ ဆွေမျိုးတော်စပ်သူများနှင့်မသာမသူ လူတစ်စုက ကျောင်းထိုင်ဆရာတော်နှင့် ထမင်းချက်အမျိုးသမီးတို့ ပူးပေါင်းပြီး လူကုန်ကူးတာဒေါ်ခင်စိန်ငိတယ်လို့ သံသယရှိနေကြောင်း မမွန်သတင်းပေးသည်ကို မြို့တော်သတင်းဌာနမှ သတင်းမှန်မမှန်စိစစ်ခြင်းမရှိဘဲ ၂၀-၁၀-၂၀၂၆၊ ရက်တွင် သတင်းထုတ်လွှင့်သဖြင့် လူမှုကွန်ရက်တွင် ချက်ချင်းပျံ့နှံ့သွားရာ ထိုမမွန်သာတင်းကို အကြောင်းပြု၍ "ဟံသာအေး" လူငယ်ဖွံ့ဖြိုးရေး(မိဘမဲ့)ပရဟိတကျောင်းထိုင် ဆရာတော်နှင့် ကျောင်းဘ၀ရဲဘော်ကို ထိစိုက်ကျဆင်းခဲ့ပါသည်။ ဆရာတော်က ၃-၁၁-၂၀၂၆ ရက်တွင် မမွန်နဲ့သာ၏ဆွေမျိုးတော်စပ်သူများကို ခေါ်ပြီး ဖြေရှင်းဆောင်ရွက်ပေးပြီးဖြစ်ပါသည်။ ထို့ကြောင့် နောက်နောင်"ဟံသာအေး" လူငယ်ဖွံ့ဖြိုးရေး(မိဘမဲ့) ပရဟိတကျောင်းထိုင်ဆရာတော် အသရေဖျက်စေမည့်၊ သာသနာညှိုးနွမ်းစေမည့် သတင်းထုတ်လွှင့်ခြင်းတို့ကို မပြုလုပ်ရန် တားဖြစ်ပါကြောင်းနှင့် ထပ်မံကျူးလွန်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

"ဟံသာအေး" လူငယ်ဖွံ့ဖြိုးရေး(မိဘမဲ့)ပရဟိတကျောင်းအကျိုးတော်ဆောင်
ဦးဝင်းအောင်(ဂ/လပတ(နိုင်)၀၉၄၀၃၃)၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီဟစိုး(LL.B)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၈)
အမှတ်(၅၈)၊ ဗိုလ်ဘုန်းမြင့်လမ်း၊ မဒုကုန်ရပ်ကွက်၊
လက်ပံတန်းမြို့။ ဖုန်း-၀၉-၄၂၆၅၅၇၄

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်ပိတ့်၏ မိတ်ဆွေများဖြစ်ကြသော ပဲခူးတိုင်းသေးကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲလုပ်ကွက်၊ အုန်းတောလမ်းနှင့် မင်္ဂလာလမ်းဆောင့်တွင်ရှိသော အမှတ်(၂/၅၂) နေ ခေါ်မြင့်မြင့်ခင်(ခ) ခေါ်ဝိုင်းဝိုင်း (ဘ) ဦးတင်မောင် (၁၁/တကန(နိုင်)၀၅၇၈၇၉) နှင့် သားဖြစ်သူ မောင်ဉာဏ်မျိုးထက် (ဘ)ဦးအောင်မျိုးထက်(၇/ပမန(နိုင်)၂၄၁၄၄) တို့၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ခေါ်မြင့်မြင့်ခင်(ခ)ခေါ်ဝိုင်းဝိုင်း၏ တရားဝင်ခင်ပွန်း ဦးအောင်မျိုးထက်မှာ လွန်ခဲ့သော ၂၀၉-၆-၂၀၂၀ ရက်က ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသည်။ ဦးအောင်မျိုးထက် ၏ ဖခင်ဖြစ်သူ ဦးမျိုးညွှန့်မှာလည်း ခေါ်မြင့်မြင့်ခင်(ခ)ခေါ်ဝိုင်းဝိုင်း၏ခင်ပွန်း ဦးအောင်မျိုးထက် တစ်ဦးတည်းသောလျှင် မွေးဖွားထားရှိခဲ့ပြီးဖြစ်သဖြင့် ဦးအောင်မျိုးထက်နှင့် ဇနီးဖြစ်သူ ခေါ်မြင့်မြင့်ခင် (ခ)ခေါ်ဝိုင်းဝိုင်းတို့တွင် တစ်ဦးတည်းသော သားအဖြစ် မောင်ဉာဏ်မျိုးထက်ကိုသာလျှင် မွေးဖွား ခဲ့သည်မှာ မှန်ကန်ပါသည်။ သားဖြစ်သူ ဦးအောင်မျိုးထက် ကွယ်လွန်ပြီးချိန်ကတည်းက ၎င်း၏ ဖခင်ဖြစ်သူ ဦးမျိုးညွှန့်အား သမီးခွဲမေဖြစ်သူ ခေါ်မြင့်မြင့်ခင်(ခ)ခေါ်ဝိုင်းဝိုင်းနှင့် မြေးဖြစ်သူ မောင်ဉာဏ်မျိုးထက်တို့ (၂)ဦးတည်းမှသာလျှင် လိုလေသေးမရှိအောင် အဘက်ဘက်မှ ပြည့်စုံအောင်ကျွေးမွေးပြုစု စောင့်ရှောက်လာခဲ့သည့်အတွက် ဦးမျိုးညွှန့်ကိုယ်တိုင် သက်ရှိထင်ရှားရှိနေစဉ်အချိန်က (၂၁-၅-၂၀၂၅)ရက်တွင် အသိသက်သေများရှေ့မှောက်၌ သဘောတူလက်မှတ်ရေးထိုး၍ မတ္တရာဒေသခံ စာချုပ်ချုပ်ဆိုကာ ပဲခူးတိုင်းသေးကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘရပ်ကွက်၊ အုန်းတောလမ်းနှင့် မင်္ဂလာလမ်းဆောင့်တွင် တည်ရှိသည့် မြေမျိုးညွှန့် ၏မိဘများဖြစ်ကြသော ဦးလှသန်း၊ ဒေါ်ငွေကြည်တို့ အပေါ်ထွက်ရှိသည့် အကွက်အမှတ်နှင့် အရည်-၁၃ ရွာဘမြောက်ဦးဝိုင်းအမှတ်(၇၃)၊ ဧရိယာ(၀.၁၃၀)ကေခန့်၊ ဦးဝိုင်းအမှတ်-(၇၃)'' ဧရိယာ(၀.၀၃၁)ဧကာ ခန့်အပါအဝင် အဆိုပါမြေကွက်များ၏တောင်ဘက်တွင် ကပ်လျက်တည်ရှိသော ဦးမြောင်ပါ(၃)ဦး အမည်ထွက်ရှိသည့် ဦးဝိုင်းအမှတ်-(၇၅)'' ဧရိယာ(၀.၀၄၀)ကေအနက်မှ ရောင်းချပြီး ကျန်မြေတို့အား ၎င်းတို့သက်ဆိုင်သည့် ညီအစ်ကိုများ အမွေခွဲပေးပြီးပါက ဦးမျိုးညွှန့် ရထိုက်ခွင့်ရှိသည့် အမွေဝေစုအားလုံးကို ၎င်း၏သမီးခွေးမဖြစ်သည့် ခေါ်မြင့်မြင့်ခင် (ခ) ခေါ်ဝိုင်းဝိုင်းနှင့်မြေးဖြစ်သူ မောင်ဉာဏ်မျိုးထက်တို့အား မွေတ္တာဖြင့် အပြီးအပိုင်ပေးအပ်မည်ဖြစ်ပါကြောင်း တရားဝင်စာချုပ်ချုပ်ဆို၍ သဘောတူလက်မှတ်ရေးထိုးကြပြီးဖြစ်သဖြင့် ဦးမျိုးညွှန့်ထိုက်ခွင့်ရှိသည့် အထက်ပါအမွေဝေစုသည် ယခုကြေညာသည့် ခေါ်မြင့်မြင့်ခင်(ခ)ခေါ်ဝိုင်းဝိုင်းနှင့်သားဖြစ်သူ မောင်ဉာဏ်မျိုးထက်တို့ (၂)ဦးတည်းသာလျှင် သက်ဆိုင်ပါကြောင်းနှင့်အဆိုပါအမွေဆိုင်ခြေမြေအား လွှဲပြောင်းခြင်း၊ ရောင်းချခြင်းပေါင်းနှံခြင်း၊ အခြား တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ ပြုလုပ်မည်ဆိုပါက အမွေဝေစုနှင့် သက်ဆိုင်သည့်ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ခေါ်မြင့်မြင့်ခင်(ခ)ခေါ်ဝိုင်းဝိုင်းနှင့်မောင်ဉာဏ်မျိုးထက်တို့၏ သဘောတူညီချက်မပါရှိဘဲ ပေါင်နှံရောင်းချပေးကမ်း လှူဒါန်းခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခေါ်မြင့်မြင့်ခင်(ခ)ခေါ်ဝိုင်းဝိုင်း နှင့်မောင်ဉာဏ်မျိုးထက်တို့၏
တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ

ခေါ်ဝင်မိုမိုလွင်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၆၆၁၅)
အမှတ်(၅၄)၊ မင်္ဂလာဦးရပ်ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ဖုန်း-၀၉-၂၅၀၁၁၉၃

ခေါ် စုထပ်နိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၇၀၅)
အမှတ်(၄၁) ရွှေပြည်သာလမ်း၀ကို ထီးကန်မြို့၊ ပြည်မြို့နယ်
ဖုန်း-၀၉-၄၂၄၆၀၄၈၄

တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ အထက(၃)၊ မဟာဓင်မှ ခေါ်ရတနာကျော်ဇံ (အထက်တန်း/ပြ) ၈/အလန(နိုင်)၁၅၃၀၈၅၅ ၏ ဖခင် အမည်မှာ ဦးကျော်မြိုင်နှင့် ဦးကျော်ဇံ ဟု အမည်နှစ်မျိုး ဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးကျော်မြိုင် (ခ) ဦးကျော်ဇံ

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက-ဟံစာကျောင်း၌ အလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်စစုဝင်း ၉/သစန(နိုင်)၀၂၂၅၅ ၏ဖခင်အမည် မှန်မှာ ဦးခင်မောင်မြဖြစ်ပါကြောင်း။

ဦးခင်မောင်မြ

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက(၁)သာစည်ကျောင်း၌ ဒုတိယအလယ်တန်းပြရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ထွေးထွေးခိုင် ၉/သစန(နိုင်)၀၉၀၄၀၀ ၏ ဖခင်အမည် ဦးအုန်းကြည် (ခ) ဦးအုံးကြည် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးအုန်းကြည်(ခ)ဦးအုံးကြည်

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက-ဓမ္မဓိကျောင်း၌ စာကျေးကိုလှည့်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသော ဒေါ်ဖြူဖြူနုင်း ၉/သစန(နိုင်)၁၆၆၂၄ ၏ဖခင်အမည် ဦးခေါ်လာ(ခ)ဦးမောင်ပု မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးခေါ်လာ(ခ)ဦးမောင်ပု

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/09844 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စွာထွန်း ၇/ဒဥန(နိုင်)၀၈၇၂၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကည၃၊ တိုင်းဒေသကြီး
ဦးစီးမှူးရုံး(ပဲခူး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္ထူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/97081, Nulang-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမိုးဇော် ၇/ဝခတ(နိုင်) ၀၉၇၇၃၀၃၇(ကမ-၃)ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၃၊ ခရိုင်ရုံး(ပြည်)
ပြည်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 81W/50409 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၉/မထလ(နိုင်) ၀၈၁၂၃၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္ထူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း ကန့်ကွက်ထားလာပါသဖြင့် လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကည၃၊ခရိုင်ရုံး (ကျောက်ဆည်)

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥယာ(၅)ရပ်ကွက်၊ မြေတိုင်းအမှတ် (၁၇)၊ မြေကွက်အမှတ် (၅၁၀)၊ မြေဧရိယာ(၀.၀၁၁၀၀၅၅)ဧကရှိ မြေအား ရဲအုပ်ကျော်ဧာမေမှ မြေငှား ဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်ဖော်ခရိုင်၊ ဧရာကြည်မြို့နယ်၊ ရေကြည်မြို့ ဗထူးရပ်ကွက်၊ အကွက်အမှတ်(၆-ခ)၊ ရေကြည်မိုးရထား မြို့ကွက်)၊ ဦးပိုင်အမှတ် (၃၅)၊ ဧရိယာ(၀.၀၃၃)ဧကရှိ ဆွေးအိမ် အသုံးပြုရန်အတွက် မြေငှားရမ်းရန် လျှောက်ထားလိုပါသဖြင့် ဒေါ်နီနီမုမြေငှားမိန့်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက တရားဝင်နိုင်ရုံးလုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ (၁၅)ရက်အတွင်း ရေကြည်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရေကြည်မြို့

နိုင်ငံကျော် ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အများပြည်သူသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးကျော်စွာဝင်း (ဘ)ဦးဆန်းဝင်း ၁၃/လရန (နိုင်)၁၄၈၄၉၂ ၏ လွှဲအပ်ချက်အရ အများပြည်သူသိရှိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

၁။ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားဝင်လုပ်ငန်းလိုင်စင်ရရှိပြီး ရန်ကုန်မြို့၊ မန္တလေးမြို့ အပါအဝင် အခြားသောမြို့ကြီးများနှင့် နေပြည်တော်တွင် ဆိုင်ခွဲ ပေါင်းများစွာ ဖွင့်လှစ်ကာ ဝန်ထမ်းပေါင်းများစွာဖြင့် ကိုယ်ပိုင်လက်ရာနှင့်ဒီဇိုင်းများ ခေတ်မီစက်ကြိုးများဖြင့် ထုတ်လုပ်သော ကိုယ်ပိုင် စိန်၊ ရွှေ၊ ရတနာများအား ကြော်ငြာအားကောင်းစွာနှင့် ရောင်းဝယ်ရာတွင် ပြည်သူများ၏ တစ်ခဲနက် ဝယ်ယူအားပေးမှုများကြောင့် မြန်မာနိုင်ငံတော်တွင် ဆိုင်ခွဲပေါင်း အများဆုံးဖြစ်ပြီး ရောင်းအားကောင်းစွာဖြင့် လုပ်ငန်းအောင်မြင် တိုးတက်လျက်ရှိပါသည်။

၂။ ထိုကဲ့သို့ လုပ်ငန်းအောင်မြင်တိုးတက်မှုအပေါ် မသမာသော လုပ်ငန်းတူယှဉ်ပြိုင်စီးပွားရေးသမားတစ်ဦးမှ နိုင်ငံကျော်ဇွဲထက်ရွှေဆိုင်၏ စီးပွားရေးကိုသော် လည်းကောင်း၊ ဂုဏ်သိက္ခာကိုသော်လည်းကောင်း ထိခိုက်နစ်နာစေလိုသောသဘောဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဆိုင်မှ သင်တန်းပေးလေ့ကျင့် စာချုပ်ချုပ်ဆိုထားသော ဝန်ထမ်းများကို သွေးဆောင်ဖြားယောင်းခေါ်ယူခြင်း၊ ဇွဲထက်ရွှေဆိုင်၏ လုပ်ငန်းဆောင်ရွက်နေသည့် နည်းစနစ်များ၊ Customer များ၏ သတင်းများရယူပြီး မသမာသောနည်းလမ်းများ အသုံးပြု၍ ဇွဲထက်ရွှေဆိုင်၏ အကျိုးစီးပွားများအား ထိခိုက်နစ်နာစေရန်ပြုလုပ်ခြင်း၊ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုလုပ်ငန်းများ အသုံးပြု၍ ဆောင်ရွက်လုပ်ကိုင်မှုများ ပြုလုပ်လာသည်ကို တွေ့ မြင်ကြားသိနေရကြောင်း ကျွန်ုပ်တို့မိတ်ဆွေ၏ ပြောကြားချက်အရ သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ နောင်တွင် နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာဆိုင်၏ အကျိုးစီးပွား ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အလားတူ စီးပွားရေးလုပ်ငန်းများမှ မတရားသောနည်းလမ်း၊ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုအရပ်ရပ်ကိုလည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေဆိုင်၏ စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်များကိုလည်းကောင်း၊ ကျွန်ုပ်တို့မိတ်ဆွေ၏ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ဆောင်ရွက်နေကြောင်း ထပ်မံတွေ့ရှိရခြင်း သတင်းကြားသိရခြင်းများရှိခဲ့ပါက ၂၀၁၅ ခုနှစ်၊ ယှဉ်ပြိုင်မှုဥပဒေအရလည်းကောင်း၊ အခြားပြစ်မှုများကျူးလွန်ပါက ရာဇဝတ်ဆိုင်ရာဥပဒေများဖြင့်လည်းကောင်း၊ အကျိုးစီးပွားနစ်နာစေရန် ပြုလုပ်ပါက တရားမ ဥပဒေများအရလည်းကောင်း၊ မသမာမှုစိတ်ဖြင့် ပြုလုပ်နေသော လုပ်ငန်းတူစီးပွားရေး လုပ်ကိုင်နေသူအပေါ် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ ထို့အပြင် အခြားသော ရွှေဆိုင်လုပ်ငန်းရှင်များအနေဖြင့်လည်း ကျွန်ုပ်တို့မိတ်ဆွေ၏ဆိုင်ကဲ့သို့ မသမာသော စိတ်ဖြင့် အလားတူဖြစ်ရပ်များ ကျူးလွန်ခြင်းခံရမှုများရှိခဲ့ပါကလည်း နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ၊ ရတနာဆိုင်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ -

ဦးနောင်ရိုးသိန်း (စဉ်-၁၂၀၅၃)	ဦးအောင်သူကို (စဉ်-၁၀၇၉၄)
LL.B.,D.B.L., D.I.L	LL.B.,LL.M., D.B.L., D.I.L

တရားလွှတ်တော်ရှေ့နေများ

(ရုံးခန်း) - ၂၆လမ်း (၇၆ x ၇၇) လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၉-၂၀၃၄၃၇၃၊ ၀၉-၄၃၀၁၄၉၄၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း ၊ နေပြည်တော်
(၁၈) ကြိမ်မြောက် ဘွဲ့နှင်းသဘင် ကျင်းပခြင်း ကြေညာချက်

၁။ ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူရေးပညာဘွဲ့၊ တိရစ္ဆာန်ဆေးပညာဘွဲ့၊ မွေးမြူရေးပညာမဟာဘွဲ့၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့နှင့် ပါရဂူဘွဲ့ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်း၊ နေပြည်တော်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည် -

၂။ ပေးအပ်မည့်ဘွဲ့	အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
ပါရဂူဘွဲ့ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ မွေးမြူရေးပညာမဟာဘွဲ့ တိရစ္ဆာန်ဆေးပညာဘွဲ့ မွေးမြူရေးပညာဘွဲ့	၂၆-၁၂-၂၀၂၆ ရက် (စနေနေ့) နံနက်(၈:၀၀)နာရီ	၂၇-၁၂-၂၀၂၆ ရက် (တနင်္ဂနွေနေ့) နံနက်(၈:၀၀)နာရီ

၃။ ဘွဲ့နှင်းသဘင်ကြေး (တက်ရောက်လျှောက်ထားသူများအားလုံး) - ၁၅၀၀၀/-(ကျပ်တစ်သောင့်ငါးရာတိတိ)
ဘွဲ့နှင်းသဘင်ကြေး (အဝေးရောက်လျှောက်ထားသူများအားလုံး) - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
လျှောက်လွှာပိတ်ရက် (လျှောက်ထားသူများအားလုံး) - ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက် (ကြာသပတေးနေ့)

မှတ်ချက်။ (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရန်။
(၂) ၁ ၁/၂ " x ၂ " အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲလျှောက်ထားရန်။
(၃) ဤတက္ကသိုလ်မှ ယခင်ပထမဘွဲ့တစ်ခုရရှိပြီးသူများသည် အဆိုပါဘွဲ့လက်မှတ်မိတ္တူ ပူးတွဲလျှောက်ထားရန်။
(၄) ဘွဲ့နှင်းသဘင်သို့ တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ အကယ်၍ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။
(၅) နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြနိုင်ခြင်းမရှိသူများ ဘွဲ့တက်ရောက်ယူနိုင်သော်လည်း ဘွဲ့လက်မှတ်ထုတ်ပေးမည်မဟုတ်ပါ။ နိုင်ငံသားစိစစ်ရေးကတ်ပြား တင်ပြလာသည့် အချိန်မှသာ ဘွဲ့လက်မှတ်ထုတ်ပေးမည်ဖြစ်သည်။
(၆) ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)တို့အနက် နှစ်သက်ရာဝတ်စုံကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ကြရမည်။ **မြန်မာ့ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့် တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည်မဟုတ်ပါ။**
(၇) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာများကို (၂၄-၁၂-၂၀၂၆) ရက်မှစတင်၍ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၊ စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနတွင် ထုတ်ပေးပါမည်။
(၈) ဘွဲ့လျှောက်လွှာများကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ website ဖြစ်သော www.uvs.edu.mm တွင် ကြည့်ရှုရယူနိုင်ကြောင်းနှင့် လျှောက်လွှာကို ကိုယ်တိုင် (သို့မဟုတ်) သင်တန်းရေးရာဌာန၊ Email လိပ်စာ stdaffair.uvs@gmail.com သို့ လျှောက်ထားတင်သွင်းနိုင်ပါသည်။
(၉) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် **တိရစ္ဆာန်ဆေးပညာဘွဲ့**ကို ရယူမည့်သူများသည် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီမှ အပ်နှင်းမည့် တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် တစ်ပါတည်းလျှောက်ထားရပါမည်။
(၁၀) ယခုကျင်းပသည့် ဘွဲ့နှင်းသဘင်တွင် **မွေးမြူရေးပညာဘွဲ့**ကို ရယူမည့်သူများသည် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အပ်နှင်းမည့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ် အဖွဲ့ဝင်လက်မှတ်ရရှိရန် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် တစ်ပါတည်းလျှောက်ထားရပါမည်။

ဘွဲ့နှင်းသဘင်ကျင်းပရေးဗဟိုကော်မတီ၊
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘိုမယ်၊ ဦးပိုင်အမှတ်(၅၅)၊ ဧရိယာ(၀.၁၁၀)ဧကအား ဒေါ်သန်းအေး၊ ဒေါ်သန်းသန်းဦး(ဘ) ဦးလှအောင်၊ ဦးတင်အောင် ၉/ တကန (နိုင်)၀၀၄၃၂၂၊ ၉/တကန(နိုင်)၀၀၂၆၀၇ မှ တပ်ကုန်းမြို့နယ်မြေစာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် ၂၂၆၃/၂၀၂၆၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
ထုချေစေရန် အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)
ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
၂၀၂၆ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ နှင့် ဆက်နွယ်သည့်
၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၁

ဒေါ်စန်းစန်းရီ နှင့် ဦးရွှေကြည်
ဒီကရီအနိုင်ရသူ တရားရုံး

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ပဒေသာမြို့သစ်၊ နဝရတ်လမ်း၊ စ-၂နေ တရားရှုံး ဦးရွှေကြည် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စန်းစန်းရီက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးနိုင်လင်း)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

အမည်မှန်

ရွှေတောင်မြို့နယ်၊ သောင်ပြင်ကုန်းအုပ်စု၊ သောင်ပြင်ကုန်းရွာနေ (ဘ)ဦးသောင်းဟန်၏သမီး ဒေါ်အေးအေးခိုင် ၏ အမည်မှန်မှာ ဒေါ်အေးခိုင် ၇/ ရတန(နိုင်)၀၇၈၁၀၈ ဖြစ်ပါကြောင်း။

ဒေါ်အေးခိုင်

ဖခင်အမည်မှန်

ကျိုက်ထိုမြို့ ၊ မြန်ပြည်သားကောင်း ကိုယ်ပိုင်အထက်တန်းကျောင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် Grade - 8 မှ မဆုပိုင်ဆက်နှင့် Grade-5 မှ မထူးဝင့်ထည်တို့၏ဖခင် ဦးစည်သူပိုင်၏ အမည်မှန်မှာ ဦးရဲလင်းသိန်း ဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့၊ အကွက် (၂၉၈)နေ ဒေါ်ဖူးပွင့်ဇော်၏ ဖခင် ဦးမောင်ဇော်နှင့် ဦးမောင်မောင်ဇော် ၁၂/သဃက(နိုင်)၁၃၂၉၅၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်းအထက် တန်းကျောင်း Grade-8(A) မှ မောင်ဝင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအိုက်လူ ၁၃/မတတ(နိုင်) ၀၀၂၉၇၃ ဖြစ်ပါကြောင်း နှင့် ဦးစိုင်းလူ မဟုတ်ပါကြောင်း။

ဦးအိုက်လူ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ကုသိတာ (၁)လမ်း၊ အမှတ်-၂၂၅/ခ ဟုခေါ်တွင်သော ဦးထွန်းလင်း(၁၂/ဥကမ(နိုင်)၁၀၄၈၁၈)အမည်ပေါက်၊ အလျားပေ(၂၀)xအနံပေ(၆၀)အကျယ်အဝန်းရှိ နှစ်(၆၀) မြေငှားဂရန်အမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်နေအိမ်(၁)လုံးတို့ကို မြေငှားဂရန်စာချုပ်မူရင်းနှင့်တကွ အရောင်းအဝယ်အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှမြတ်သိင်္ဂီ (၅/ဘတလ(နိုင်)၁၁၆၇၈၉)က မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို ရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက် နှင့်နေအိမ်ကို အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ဇော်ကို(၇/ကတခ(နိုင်)၀၈၈၅၃၂)၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးမြသီတာ(LL.B, DBL, DIL)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၉၁)
အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉- ၄၂၁၁၅၂၄၃၂

အများသိစေရန် ကြော်ငြာခြင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ထင်းရှူးရိပ်သာ -၁၊ မြေကွက်အမှတ် ၂၀၊ ဧရိယာ(၀ဒသမ၅)ဧက ၊ မြေကွက်တည်နေရာအမှတ် (၂၀)၊ ထင်းရှူးရိပ်သာ-၁လမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မင်္ဂလာဒုံမြို့နယ်၊ ဦးခင်မောင်မြင့် ၁၃/မရတ(နိုင်) ၀၀၄၈၁၉၊ ဒေါ်ဝင်းဝင်းနု ၁၂/မဂဒ(နိုင်) ၀၃၈၂၉၆ အမည်ပေါက် မြေကွက်အား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးခင်မောင်မြင့် ကွယ်လွန်သွားပါသဖြင့် ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၀၃၇၅/၂၅၊ (၂-၁၂-၂၀၂၅)ဖြင့် ပိုင်ဆိုင်သည့် ကျန်အမည်ပေါက် တစ်ဦးတည်းဖြစ်သူ ဒေါ်ဝင်းဝင်းနု ၁၂/မဂဒ (နိုင်) ၀၃၈၂၉၆ မှ ဂရန်ပျောက်ဆုံးကြောင်း သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ မင်္ဂလာဒုံမြို့မရဲစခန်းထောက်ခံချက်၊ မြေငှားဂရန်မူရင်းမှာ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အာမခံ၍ ငွေချေးထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း ဝန်ခံချက်၊ အထက်ပါအိမ်နှင့်မြေကို မည်သူတစ်ဦး တစ်ယောက်ကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းထားခြင်း၊ ငှားရမ်းထားခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း မရှိကြောင်း နှင့် မိမိသည် အဆိုပါဂရန်မူရင်းအား ခရီးသွားရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း ဒဂုံမြို့နယ်တရားရုံး၏ ၉-၁၂-၂၀၂၅ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ် ၂၆၆၃/၂၀၂၅၊ ပိုင်ဆိုင်ကြောင်း စာချုပ်တို့တင်ပြပြီး ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်ပြီး ကန့်ကွက်မည့်သူမရှိပါသဖြင့် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မိတ္တူခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မြို့မြေစာရင်းတွင် အမှုတွဲအမှတ် မဂဒ (စီမံကိန်း) မင်္ဂလာဒုံ ဥယျာဉ်/၃၁၉/၁၀ အရ(၁၅-၁၀-၂၀၁၀) ရက်တွင် ထုတ်ပေးထားသည့် မူလဂရန်မူရင်းစာအုပ်အား ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရခိုင်ပြည်နယ်အစိုးရအဖွဲ့
(စည်ပင်သာယာရေးဝန်ကြီးဌာန)
ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျပ်သန်း(၂၀၀) အထက် အောက်ဖော်ပြပါ စည်ပင်သာယာရေးလုပ်ငန်း Lot(၅)ခုအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	Lot-No	မြို့အမည်	လုပ်ငန်းအမည်	အတိုင်းအတာ
၁	Lot-1	စစ်တွေ	သဇင်မြိုင် ဘုန်းကြီးကျောင်းရှေ့လမ်း (ဦးမြဝါလမ်းမှ နတ်စင်လမ်းထိ) ကျောက်ချောခင်းခြင်း	(၁၃၀၀'x၁၄'၀'-၆")
၂	Lot-2	စစ်တွေ	နတ်စင်လမ်းမှ ဓမ္မလမ်းထိလမ်းသွယ် ကျောက်ချောခင်းခြင်း	(၂၅၀၀'x၁၄'x၀'-၆")
၃	Lot-3	စစ်တွေ	မင်းစောမွန်လမ်း(အကွက်(၁)(၂)(၃)(၄)(၅)(၆)(၇) ကျောက်ချောခင်းခြင်း အပိုင်း(၂)	(၁၈၂၀'x၁၄'x၀'-၆")
၄	Lot 4	စစ်တွေ	မုခ်ဦးဆင်းလမ်းလမ်းသွယ်၊ သဇင်မြိုင်လမ်းထိ ကျောက်ချောခင်းခြင်း	(၁၉၉၀'x၁၄'၀'-၆")
၅	Lot-5	စစ်တွေ	သဇင်မြိုင် ဘုန်းကြီးကျောင်းလမ်းမှ ဓမ္မလမ်းထိ ကျောက်ချောခင်းခြင်း	(၁၁၉၀'x၁၄'x၀'-၆")

၂။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စစ်တွေမြို့ဖြစ်ပြီး တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့ လိပ်မူ၍ ပေးပို့ရမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့်စည်းကမ်းများကို (၁၀-၁၁-၂၀၂၆)ရက်မှ (၂၃-၁၁-၂၀၂၆) ရက် ညနေ(၁၆:၀၀)နာရီအထိ ရောင်းချသွားမည်ဖြစ်ပါသည်။
၄။ တင်ဒါလျှောက်လွှာများအား (၂၄-၁၁-၂၀၂၆)ရက်မှ (၃၀-၁၁-၂၀၂၆)ရက် ညနေ(၁၆:၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။
၅။ တင်ဒါဖွင့်လှစ်မည့်ရက်အား အသိပေးအကြောင်းကြားသွားမည်ဖြစ်ပါသည်။
၆။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁က၊စီတာပူတောင်)၊ ဦးပိုင်အမှတ်(၂၀၄)၊ မြေဧရိယာ (၀.၁၈၃) ဧကရှိမြေကွက်သည် မူလက ဒေါ်ခင်ဖြူဝင်းအမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၅-၅-၁၉၉၃)ရက်တွင် ဒေါ်ခင်ဖြူဝင်းထံမှ ဦးလဝေါလနှံနော်က လည်းကောင်း၊ ဦးပိုင်(၂၀၄/ခ)၊မြေဧရိယာ(၀.၀၄၅)ဧကအပိုင်းကို (၁၁-၁၂-၂၀၀၄)ရက်တွင် ဦးလဝေါလနှံနော်ထံမှ ဒေါ်လဖိုင်ဂျာလူကလည်းကောင်း နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်လဖိုင်ဂျာလူ ၁/မကန(နိုင်)၁၃၈၃၁၃ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁က၊စီတာပူတောင်)၊ ဦးပိုင်အမှတ်(၁၇၀)၊ မြေဧရိယာ(၀.၁၈၃) ဧကရှိမြေကွက်သည် မူလက ဗိုလ်ကြီးသိန်းလှိုင် အမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိမြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ (၂၈-၉-၁၉၉၆)ရက်တွင် ဗိုလ်ကြီးသိန်းလှိုင်ထံမှ ဦးမရှော့အောင်က လည်းကောင်း၊ (၁၀-၁၂-၂၀၁၆)ရက်တွင် ဦးမရှော့အောင်ထံမှ ဒေါ်ရှယ်ဂျားကလည်းကောင်း နှစ်ဦးသဘောတူအိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်ရှယ်ဂျား ၁/မကန(နိုင်)၁၂၂၄၄ အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန်အသစ်ရရှိရေးအတွက် (၃၁-၇-၂၀၂၆) ရက်စွဲပါကျမ်းကျိန်လွှာအမှတ်(၇၂၀/၂၀၂၆)ကို (၄-၈-၂၀၂၆)ရက်စွဲပါကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ်(၄၈၄/ ၂၀၂၆)ပြုဆိုတင်ပြလျက် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/37194, Luojia- 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးဇော် ၁၄/ပတန(နိုင်) ၁၄၀၄၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦး (၁) လမ်း၊ အမှတ်-ခ/၇ ဟုခေါ်တွင်သော မြေရှင် ဦးဇော်ငြိမ်းပိုင်ဆိုင်သောမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၃)ထပ်တိုက်မြေရှင်ဘက်မှ ခွဲဝေရရှိသော အကျယ်အဝန်း (၁၂ ၁/၂ x ၅၅)ပေရှိ ဒုတိယထပ် (၃)လွှာ တိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဒေါ်သန်းသန်းဝင်း(၁၂/အစန(နိုင်)၁၂၀၈၅၇) ထံမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်စိုးဝင်း (၁၁/မပထ (နိုင်)၀၀၇၇၇၃) ၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ရီလေးမော် (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၇၀၇)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉- ၄၂၀၀၈၉၃၈၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်
မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) M.E.(Computer Science)
ကျောင်းသားကျောင်းသူများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်မည့် မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) M.E.(Computer Science) ဘွဲ့သင်တန်းသို့အောက်ပါ ဘွဲ့ရရှိထားသူများ လျှောက်ထားနိုင်ပါသည်–

(က) မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ B.E.(Hons) ဘွဲ့ရရှိထားသူများ

(ခ) မြန်မာနိုင်ငံရှိ ကွန်ပျူတာတက္ကသိုလ်များမှ ပေးအပ်သော B.C.Tech. နှင့် B.C.Sc. ဘွဲ့များ ရရှိထားပြီး မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများ

(ဂ) မြန်မာနိုင်ငံရှိ နည်းပညာတက္ကသိုလ်များမှပေးအပ်သော B.E.(InformationTechnology)၊ B.E.(Computer Engineering) နှင့် B.E.(Information Science & Technology) ဘွဲ့များရရှိပြီး မဟာဘွဲ့သင်တန်းတက်ရောက်ရန် အဆင့်မီသူများ

၂။ လျှောက်ထားသူသည် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများ ဖြစ်ရမည်–

(က) လျှောက်ထားသူနှင့် ၎င်းတို့၏မိဘ(၂)ပါး၊ (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သင်တန်းသို့ အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ အထက်ပါမဟာဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး မဟာဘွဲ့ကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ် စုစုပေါင်း(၂)နှစ် သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့ကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်သူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါသတ်မှတ်ချက်များနှင့်ကိုက်ညီသူများသည် ဝင်ခွင့်လျှောက်လွှာများကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ (၁၂–၁၁–၂၀၂၆)ရက်နေ့မှ စတင်၍ အစိုးရရုံးဖွင့်ရက်များတွင် ထုတ်ယူနိုင်ပြီး ဝင်ခွင့်လျှောက်လွှာများကို(၂၀–၁၁–၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၅။ လျှောက်ထားသူများသည် အောက်ဖော်ပြပါအချက်အလက်များကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပါသည်–

(က) ဘွဲ့လက်မှတ် (မူရင်း/ မိတ္တူ)

(ခ) အမှတ်စာရင်း(မူရင်း/ မိတ္တူ)

(ဂ) ပတ်စပို့အရွယ်ရောင်စုံဓါတ်ပုံ(၄)ပုံ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း

(င) လျှောက်ထားသူနှင့်မိဘ(၂)ပါး၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၆။ အခြားကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအစီအစဉ်အတိုင်း ဝင်ခွင့်အရည်အချင်းစစ် ရေးဖြေ စာမေးပွဲနှင့် နှုတ်ဖြေကို ဖြေဆိုကြရမည်ဖြစ်သည်။

စဉ်	ရက်စွဲ	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၁။	၂၆–၁၁–၂၀၂၆ (ကြာသပတေးနေ့)	အင်္ဂလိပ်စာ	(၁၀:၀၀) နာရီမှ(၁၂:၀၀)နာရီထိ Paper Based
၂။	၂၇–၁၁–၂၀၂၆ (သောကြာနေ့)	သက်ဆိုင်ရာဘာသာရပ်	(၁၀:၀၀)နာရီမှ(၁၂:၀၀) နာရီထိ Paper Based
၃။	၃၀–၁၁–၂၀၂၆ (တနင်္လာနေ့)	လူတွေ့စစ်ဆေးခြင်း	

၇။ ဝင်ခွင့်ဖြေဆိုရမည့် ခုံအမှတ်များကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ကြော်ငြာသင်ပုန်းတွင် ကြော်ငြာ၍ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၂၀–၁၁–၂၀၂၆)ရက်နေ့တွင် ထုတ်ပေး မည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားမပါရှိပါက စာမေးပွဲဝင်ရောက်ဖြေဆိုခွင့် လုံးဝ(လုံးဝ) ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၈။ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ) M.E. (Computer Science) ဝင်ခွင့်စာမေးပွဲအောင်စာရင်းကို (၁–၁၂–၂၀၂၆) ရက်နေ့တွင် ကြော်ငြာသင်ပုန်းနှင့် Website–www.miit.edu.mmတို့မှ ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

၉။ အသေးစိတ်အချက်အလက်များကို စုံစမ်းလိုပါက တယ်လီဖုန်းနံပါတ် ၀၉–၇၈၅၅၅၇၇၀၂၊ ၀၉–၇၈၅၅၅၇၇၀၆နှင့် ၀၉–၇၈၅၅၅၇၇၀၉ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ကျောင်းသားရေးရာဌာန
မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
နည်းပညာတက္ကသိုလ် (တောင်ကြီး)
မဟာအင်ဂျင်နီယာ ဘွဲ့ သင်တန်းများအတွက်
သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ် (တောင်ကြီး)တွင်၂၀၂၆–၂၀၂၇ ပညာသင်နှစ်အတွက် ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ(၁) ရက်တွင်စတင်၍ အောက်ဖော်ပြပါမဟာအင်ဂျင်နီယာ ဘွဲ့သင်တန်းများကိုဖွင့်လှစ် သင်ကြားမည်ဖြစ်ပါသည်–

(က) မြို့ပြအင်ဂျင်နီယာ

(ခ) အီလက်ထရောနစ်အင်ဂျင်နီယာ

(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ

(ဃ) စက်မှုအင်ဂျင်နီယာ

(င) ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ

(စ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ်စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြို သင်တန်း(Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက်သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့် အရည်အချင်းစစ်စာမေးပွဲ ဝင်ရောက်ဖြေဆိုခွင့်ပြုမည် ဖြစ်ပါသည်–

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများ ဖြစ်ရမည်။

(ဂ) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီးလက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့်လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ ကျောင်းအုပ်ကြီး တို့မှ လျှောက်ထား ခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှထောက်ခံချက်(မူရင်းနှင့်မိတ္တူ) တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို နည်းပညာတက္ကသိုလ် (တောင်ကြီး)မှ ၁၂–၁၁–၂၀၂၆ (ကြာသပတေးနေ့)မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၂၀–၁၁–၂၀၂၆(သောကြာနေ့)နောက်ဆုံးထား၍ နည်းပညာ တက္ကသိုလ်(တောင်ကြီး) သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို ၂၀–၁၁–၂၀၂၆(သောကြာနေ့) တွင်စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကိုနည်းပညာတက္ကသိုလ်(တောင်ကြီး)တွင် အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်–

နေ့ရက်	ဖြေဆိုရမည့်ဘာသာရပ်	ဖြေဆိုရမည့်အချိန်
၂၆–၁၁–၂၀၂၆ ၊ ကြာသပတေးနေ့	အင်္ဂလိပ်စာ	နံနက် (၉:၀၀)မှ(၁၂:၀၀)
၂၇–၁၁–၂၀၂၆ ၊ သောကြာနေ့	သက်ဆိုင်ရာဘာသာရပ်	နံနက် (၉:၀၀)မှ(၁၂:၀၀)

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန်လာရောက်သည့် အခါမိမိ၏ နိုင်ငံသားစိစစ်ရေး ကတ်ပြား စာမေးပွဲဖြေဆိုခွင့်ကတ်ပြား (မူရင်း)ကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက်လူတွေ့စစ်ဆေးခံရမည့်အမည်စာရင်းကို ၂၉–၁၁–၂၀၂၆ (တနင်္ဂနွေနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို ၃၀–၁၁–၂၀၂၆ (တနင်္လာနေ့)မှစ၍ နည်းပညာတက္ကသိုလ် (တောင်ကြီး) တွင်ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်းတက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၁–၁၂–၂၀၂၆ (အင်္ဂါနေ့)တွင်ထုတ်ပြန်ကြေညာပေးမည်။

နည်းပညာတက္ကသိုလ်(တောင်ကြီး)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၁ နှင့် ၅)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၂၆ ခုနှစ်၊တရားမကြီးမှုအမှတ်– ၇၈

ဒေါ်ဝင်းနန္ဒာထွန်း နှင့် ၁။ ဦးတင်လှိုင်
၂။ဒေါ်မြတ်မြတ်မိုး
၃။ဒေါ်သီတာဖြူ
(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခ ရပ်ကွက်၊ မြရတနာ ၂ လမ်း၊အမှတ်–၁၄၀ နေ အမှတ်–၁ တရားပြိုင် ဦးတင်လှိုင် (ယခုနေရပ်လိပ်စာမသိ) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခ ရပ်ကွက်၊ မြရတနာ ၅ လမ်း၊ အမှတ်–၂၇၃နေ အမှတ် ၃ တရားပြိုင် ဒေါ်သီတာဖြူ (ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။

